ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၂၅) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်**

**( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၁ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၇.၂၁) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## **အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## **အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ<br>ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သူဦး၊ မကွေး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကော်မတီလုပ်ငန်းများ။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအုန်း၊ မွန်(၉)၊ မိသားစုကိစ္စ။ ဦးဇော်နိုင်ဦး၊ မွန်(၁၂)၊ မိသားစုအလှူ။ ဦးနိုင်ထွန်းအုံ၊ မွန်(၅)၊ ကျန်းမာရေး။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ အမျိုးသားပညာရေးဥပဒေ ကြားနာအစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ၎င်းအတိုင်း။ ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ၎င်းအတိုင်း။ ဦးစိုးမြင့်၊ မကွေး(၆)၊ ၎င်းအတိုင်း။ ဦးတင်ယု၊ ရန်ကုန် (၁၁)၊ ၎င်းအတိုင်း။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ၎င်းအတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်(၂)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ၎င်းအတိုင်း။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ၎င်းအတိုင်း။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ၎င်းအတိုင်း။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ၎င်းအတိုင်း။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ၎င်းအတိုင်း။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်၊ ၎င်းအတိုင်း။ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ဘတ်ဂျက်ကိစ္စ ဆောင်ရွက်ရန်။ ဦးစံပြည့်၊ ကချင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေး။ ဦးမင်းဦး၊ ပဲခူး(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၁) ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၉)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း၀င်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းများဟာ သမ္မတရုံး၀န်ကြီး ဌာန(၁)၊ ဒုတိယ၀န်ကြီးတစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယ၀န်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ မြို့မဈေးအား တိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက် အရန်ဈေး အဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်က ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ မြို့မဈေးအား တိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက် အရန်ဈေးအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပဏာမဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်ရှိ မြို့မဈေးအား တိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက် အရန်ဈေးအဖြစ် ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်သည် (၁.၆၇)စတုရန်းမိုင် ကျယ်ဝန်းပြီး၊ မြို့ပေါ်ရပ်ကွက်(၅)ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း(၅၇)အုပ်စု ရှိပါသည်။ မြို့ပေါ်ရှိ အိမ်ခြေမှာ (၇၆၇၇)ခုရှိပြီး မြို့ပေါ်ရှိ လူဦးရေမှာ (၃၆၅၈၀)ဦး ရှိပါတယ်။ လက်ရှိ ဈေးတည်နေရာ နေရာမှာ ဈေးကြီးရပ်ကွက်မှာ တည်ရှိပြီး ဈေးအကျယ်ဧရိယာမှာ (၁.၉၀)ဧကရှိပြီး၊ ဈေးရုံပေါင်း(၉)ရုံရှိပါတယ်။ ဈေးဆိုင်ခန်းပေါင်း (၆၅၆)ခန်းရှိပါတယ်။ လူဦးရေ(၅၀၀၀)ရှိတဲ့ မြို့နယ်အတွက် ဈေးမြေဧရိယာမှာ (၂.၁၆၆)ဧကရှိကြောင်း လေ့လာသိရှိရပါတယ်။

သို့ဖြစ်ပါ၍ ဈေးဧရိယာမှာ ကျဉ်းမြောင်းနေပြီး၊ ဈေးဧရိယာတိုးချဲ့နိုင်ရေးအတွက် အရန်ဈေးအဖြစ် ဆောင်ရွက်နိုင်ရန် မြို့မိ၊ မြို့ဖများ၏ တင်ပြချက်အရ သိရှိရသည်မှာ အဆိုပြုရပ်ကွက်မှာ အောင်မင်္ဂလာ ရပ်ကွက်ဖြစ်ပါတယ်။ အရန်ဈေးအဖြစ် ဆောင်ရွက်ရန် အကျယ်အဝန်းမှာ အလျား (၄၄၆)၊ အနံ (၃၈၂)ပေရှိပြီး၊ ဧရိယာ(၃.၉၁)ဧကရှိကြောင်း လေ့လာသိရှိရပါတယ်။ မြေနေရာမှာ လက်ရှိ မြေပေါက် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသည့် မြေနေရာဖြစ်ပြီး လ/န-၃၉ ကျပြီးလည်း ဖြစ်ပါတယ်။ မြေပြင် အခြေအနေမှာ မည်သည့် အဆောက်အဦမှ ဆောက်လုပ်ခြင်း မရှိတဲ့ မြေကွက်လပ်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ အခုမြင်နေရတာတော့ ကျွန်တော်တို့ ဒါအခု လှည်းကူးမြို့မှာ ဈေးရုံ(၉)ရုံမှာ ပြည့်ကျပ်ပြီးတော့မှ ဈေးရောင်းချတဲ့ အနေအထားကို တွေ့ရမှာပါ။ ဈေးဧရိယာ ကျဉ်းမြောင်းပြီးတော့မှ ဈေးထိပ်မှာ အခုလိုပဲ ဆိုင်ကယ်တွေ၊ ကားတွေနဲ့ ကားဂိတ်လာထိုးပြီးတော့မှ အနယ်နယ်အရပ်ရပ်က လာတဲ့ ခရီးသည်တွေ ပြည့်ကျပ်ပြီးတော့မှ ခဏခဏ Accident ဖြစ်တာတွေ့ရပါတယ်။ ဒါကတော့ ကျွန်တော်တို့ ခန်းမကြီးပါ။ ဈေးအရှေ့မှာ ခန်းမရှိတယ်။ ကားဂိတ်ရှိတယ်။ ခန်းမမှာလည်း အမြဲတမ်း မင်္ဂလာဆောင်တွေရှိတယ်။ အခုတင်ပြတဲ့ ဒါကွက်လပ်ကတော့ ကျွန်တော် အရန်ဈေးအဖြစ် ဆောင်ရွက်

မယ့် မြေနေရာ ဖြစ်ပါတယ်။ ဒါကတော့ သူရဲ့ ရှေ့လမ်းပေါ့နော်၊ ခုနပြတဲ့ ကွက်လပ်က နောက်လမ်းပါ။ အခုလက်ရှိ ရှေ့လမ်းမှာရှိတဲ့ ကျွန်တော်တို့ ကုန်သွယ်ရေးဂိုဒေါင်တွေ ရှိပါတယ်။ ဗဟိုအတိုင်း တည့်တည့်ဖောက်သွားရင် နောက်လမ်းကို ရောက်သွားမှာ ဖြစ်တဲ့အတွက် ဒါ အဆင်ပြေအောင် ဆောင်ရွက်လို့ ရပါတယ်။ တကယ်တမ်းကျတော့ ဒီလမ်းသည် ဖောင်ကြီးတာဆုံကနေပြီးတော့ ဖောင်ကြီး ဘက်သွားတဲ့ လမ်းမကြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရန်ဈေးအဖြစ် အသုံးပြုသည့်နေရာတွင် ဒေသခံ မြို့မိ၊ မြို့ဖများ၏ တင်ပြတောင်းဆိုချက်အရ အရန်ဈေးအဖြစ် ဆောက်လုပ်ဖွင့်လှစ်ပေးနိုင်ရန် အစီအစဥ် ရှိ/မရှိနှင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုပါ၍ ဒေသခံပြည်သူများ၏ ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူး တင်ပါတယ် ခင်ဗျား။

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မြို့မဈေးမြင်ကွင်းပုံ (ခ)



ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မြို့မဈေးမြင်ကွင်းပုံ (ခ-၁)




အရန်ဈေးအဖြစ် ဆောင်ရွက်မည့် မြေနေရာပုံ (ခ-၂)



**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်း ရပ်ကွက်နေ ပြည်သူ(၆၅၇)ဦး၏ မြေငှားစာချုပ်(ဂရန်) ရရှိရေး အဆင့်ဆင့် တင်ပြဆောင်ရွက်ထားရှိမှု အခြေအနေကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးနု က ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်နေ ပြည်သူ(၆၅၇)ဦး၏ မြေငှားစာချုပ် (ဂရန်) ရရှိရေး အဆင့်ဆင့် တင်ပြဆောင်ရွက်ထားရှိမှု အခြေအနေကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးနု၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တကွ အထူးဧည့်သည်တော်များအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးနု ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်မှာနေတဲ့ ပြည်သူ(၆၅၇)ဦးတို့က မြေငှားစာချုပ်(ဂရန်)ရရှိရေးအတွက် အဆင့်ဆင့် တင်ပြဆောင်ရွက်ထားရှိမှု များအပေါ်မှာ ဖြေကြားပေးနိုင်ဖို့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်မှာနေတဲ့ ပြည်သူ(၆၅၇)ဦးတို့ဟာ မိမိတို့ နှစ်ရှည်လများ နေထိုင်ရာ အိမ်မြေကွက်တွေကို မြေငှား(ဂရန်)စာချုပ် ရရှိဖို့အတွက် အဆင့်ဆင့်တင်ပြပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်မှာ (၃)နှစ်ကျော်ကာလ ကြာပြီဖြစ်သော်လည်းပဲ ထူးခြားမှု တစ်စုံတစ်ရာဖြစ်မလာတဲ့အတွက်ကြောင့် ဒုတိယဗိုလ်မှူးကြီးတင်ရွှေ(အငြိမ်းစား) ခေါင်းဆောင်တဲ့ ရပ်မိရပ်ဖတွေက ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ(၂၅)ရက်နေ့မှာ လိုအပ်သလို ကူညီဆောင်ရွက်ပေးပါရန် မိမိအားတင်ပြ မေတ္တာရပ်ခံခဲ့ကြတဲ့အတွက် မိမိအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ ကိုယ်တိုင်သွားရောက်ပြီး အဆိုပါ အထောက်အထား၊ စာရွက်စာတမ်းများကို တာဝန်ရှိသူများထံ ဆက်လက်လွှဲပြောင်း တင်ပြပေးအပ်ပြီးတော့ ဒေသခံပြည်သူတို့ရဲ့ လိုအပ်ချက်ကို အမြန်ဖြည့်ဆည်းဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံတင်ပြခဲ့ပြီးလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါကိစ္စနှင့် ပတ်သက်ပြီး ဒုတိယဗိုလ်မှူးကြီးတင်ရွှေ (အငြိမ်းစား) ဦးဆောင်တဲ့ ရပ်မိရပ်ဖအဖွဲ့က ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့ နေ့စွဲဖြင့် ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့ကို တင်ပြခဲ့ပြီး ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ လမ်းညွှန်မှုနဲ့အတူ ၂၀၁၂ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ နေ့စွဲနဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတို့ ထံကိုလည်း ထပ်မံတင်ပြခဲ့ပြီး ဖြစ်ပါကြောင်းလည်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါမြေငှားစာချုပ်(ဂရန်) ရရှိရေးအတွက် လျှောက်ထားခဲ့တဲ့ မြေကတော့ နိုင်ငံခြားသား ကုလားလူမျိုး အိပ်ချ်မာမွတ်စူလ်တန် ခါန်ဘီကီးယား ဆိုတဲ့ လူရဲ့ အမည်ပေါက်သာ ဖြစ်ပြီးတော့ ၁၉၃၂ ခုနှစ်ကနေ ၁၉၆၂ ခုနှစ်အထိ အနှစ်(၃၀)ဂရန် ရရှိထားပြီး ဖြစ်ပါတယ်။ အဲဒီ နိုင်ငံခြားသား အမျိုးသားဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း(၈၀)ကျော်ကာလကပဲ မြေကွက်များကို အငှားချထားခဲ့သူ ဖြစ်ပါကြောင်း လေ့လာတွေ့ရှိရပြီး ၁၉၆၀ ခုနှစ်၊ မေလ ၁၂ ရက်နေ့မှာ အင်းစိန် န.လ.က ခရိုင်လယ်ဝန်ကနေပြီးတော့ ဦးပိုင်အမှတ် (၇၇)ဖြစ်တဲ့ သရက်ခြံမြေကွက်ကို ပေ(၄၀x၆၀) အကွက်များရိုက်ပြီး တရားဝင်ချထားခဲ့ပြီး ဖြစ်ပါကြောင်းလည်း သိရပါတယ်။ ကျန်တဲ့ မြေကွက်များကိုတော့ ပိုင်ရှင်က (၅၀)ပေ၊ (၅၀)ပေ အကွက်များရိုက်ပြီး တရားဝင် အငှားချထားခဲ့သော မြေကွက်များဖြစ်ပါကြောင်း ထပ်မံသိရှိရပြီး၊ အခုစုပေါင်းပြီးတော့ မြေငှားဂရန်စာချုပ် လျှောက်ထားတဲ့ မြေကွက်အားလုံး (၆၅၇)ကွက်ဟာ ကျူးကျော်မြေကွက်များ လုံးဝမဟုတ်ကြောင်းကို လျှောက်ထားသူများက အလေးအနက်မေတ္တာရပ်ခံတင်ပြခဲ့ပြီးလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ မြေငှားစာချုပ်ဂရန် လျှောက်ထားကြတဲ့ မြေကွက်များပေါ် မှာ RC တိုက်က (၁၃)လုံး၊ ကန့်ထရိုက်တိုက်က (၃၂)လုံး၊ အုတ်ညှပ်တိုက်က (၂၉၄)လုံး၊ သွပ်မိုးပျဉ်ကာ အိမ် ပေါင်းက (၃၁၈)လုံးနဲ့ အခိုင်အမာ ဆောက်လုပ်နေထိုင်ခဲ့ကြပြီး ဖြစ်တဲ့အတွက် တင်ပြလျှောက်ထား ခဲ့တဲ့အတိုင်း မြေငှားစာချုပ်(ဂရန်)ရရှိရေး မဖြစ်မနေ ဆောင်ရွက်ပေးရတော့မယ့် အခြေအနေရှိနေ ကြောင်း ဟာ အမှန်မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါကိစ္စနဲ့ စပ်လျဉ်းပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ရှိတဲ့ အဖွဲ့တစ်ဖွဲ့ဟာ ၂၀၁၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့မှာ ပိန္နဲကုန်းရပ်ကွက်မှာရှိတဲ့ အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်လာပြီး ဒုတိယဗိုလ်မှူးကြီးတင်ရွှေ (အငြိမ်းစား) ခေါင်းဆောင်တဲ့ ရပ်မိရပ်ဖများကို တွေ့ဆုံပြီးတော့ ရပ်ကွက်အတွင်းမှာရှိတဲ့ လမ်းတွေ၊ အဆောက်အဦတွေ တည်နေရာကို မြေတိုင်းမြေပုံများနဲ့ အသေးစိတ် တိုက်ဆိုင်စစ်ဆေးမှုများ ပြုလုပ်ခဲ့ ကြကြောင်းလည်း သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယဗိုလ်မှူးကြီးတင်ရွှေ(အငြိမ်းစား) ခေါင်းဆောင်တဲ့ ပိန္နဲကုန်းရပ်ကွက် မှ ရပ်မိရပ်ဖများ အနေနဲ့ မိမိတို့ မြေငှားစာချုပ်(ဂရန်)ရရှိရေးအတွက် (၃)နှစ်ကျော် ကာလ အကြိမ် ကြိမ်ကြိုးပမ်းခဲ့ကြသော်လည်း ထူးခြားမှု တစ်စုံတစ်ရာ ဖြစ်မလာသည့်အတွက် ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့ နေ့စွဲပါစာနဲ့ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့ နေ့စွဲပါစာများနဲ့ အတူ ဒုတိယဗိုလ်မှူးကြီး တင်ရွှေ (အငြိမ်းစား)နဲ့ လမ်းစဉ်ပါတီခေတ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အငြိမ်းစားတစ်ဦးဖြစ်တဲ့ ဦးစောချစ်စိန် တို့က မိမိအား ကိုယ်တိုင်လာရောက်တွေ့ဆုံကာ မေတ္တာရပ်ခံ ထပ်မံအကူအညီတောင်းခံ လာခဲ့ကြပြန်သဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အနေနဲ့ အင်းစိန်မြို့နယ်၊ ပိန္နဲ ကုန်းရပ်ကွက်နေ ဒေသခံပြည်သူ (၆၅၇)ဦးတို့ရဲ့ မြေငှားစာချုပ်(ဂရန်) ရရှိရေး အဆင့်ဆင့်တင်ပြ ကြိုးပမ်းဆောင်ရွက်မှုများ အပေါ်မှာဖြင့် အလေးအနက်ထား ဦးစားပေး ဆောင်ရွက်ပေးသင့်သည့် အခြေ အနေ ရောက်ရှိနေပါကြောင်းနှင့် သို့ပါ၍ သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များ အနေနဲ့ (က) ဂရန်ရရှိရေး အတွက် ဆောင်ရွက်ပြီးစီးသည့် နောက်ဆုံးအခြေအနေ။ (ခ) ဂရန် ရရှိပြီးစီးအောင် ဆောင်ရွက်ပေးနိုင် မည့် အချိန်ကာလ။ (ဂ) အိမ်မြေကွက် (၆၅၇)ကွက်အပေါ်မှာ အတည်တကျ နေထိုင်ကြတဲ့ ပြည်သူ (၃၁၁၇)ဦးတို့ရဲ့ စုပေါင်းတောင်းခံကြသည့် ကိစ္စဖြစ်နေသည့်အတွက် မြေငှားစာချုပ်ဂရန် ရရှိရေးတွင် ဆောင်ရွက်နေမှု အခြေအနေ အရပ်ရပ်တို့ကို ကွင်းဆင်းရှင်းလင်းတင်ပြ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိတို့ကို ဖြေကြားပေးနိုင်ပါရန် အများပြည်သူ အကျိုးငှာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူးများစွာတင်ပါတယ် ခင်ဗျား။

**အမဲ၊ ဝက် လိုင်စင်ချထားပေးရာ၌ ဈေးအမြင့်ဆုံး လေလံအောင်သူကိုပေးမည့်အစား တစ်ပိဿာလျှင် ဈေးအနည်းဆုံး နှင့် ရောင်းနိုင်ပါသည်ဆိုသူကို လုပ်ကိုင်ခွင့်ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က အမဲ၊ ဝက် လိုင်စင်ချထားပေးရာ၌ ဈေးအမြင့်ဆုံး လေလံအောင်သူကို ပေးမည့်အစား တစ်ပိဿာလျှင် ဈေးအနည်းဆုံးနဲ့ ရောင်းနိုင်ပါသည်ဆိုသူကို လုပ်ကိုင်ခွင့်ချထားပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြမေးမြန်းလိုတဲ့ မေးခွန်းကတော့ အမဲ၊ ဝက်လိုင်စင် ချထားပေးရာ၌ ဈေးအမြင့်ဆုံး လေလံအောင်သူကို ပေးမည့်အစား တစ်ပိသာလျှင် ဈေးအနည်းဆုံးနှင့် ရောင်းနိုင်ပါသည်ဆိုသူကို လုပ်ပိုင်ခွင့်ချထားပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စည်ပင်သာယာအုပ်ချုပ်ရေးနဲ့ သားသတ်လိုင်စင် လုပ်ငန်းတွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့တွေရဲ့ စီမံခန့်ခွဲမှု အောက်မှာ ထားရှိတယ်ဆိုတာ သိရှိပြီးဖြစ်ပါတယ်။ သား/ငါး ဈေးကြီးမြင့်လာမှုကို ကာမိစေဖို့အတွက် ဈေးချိုချိုဖြင့် ရောင်းနိုင်တဲ့သူကို ကျွန်တော်တို့က ရှာဖွေပေးရမှာ ဖြစ်ပါတယ်။ ယခုအခါ လေလံဈေးကြီးမြင့်လေလေ၊ သား/ငါးဈေးဟာ တက်လာလေလေဖြစ်ပါတယ်။ ဈေးကျသွားတယ်ဆိုတာ မရှိပါဘူး။ အတက်သာလျှင်ရှိပါတယ်။ လေလံဈေးဟာလည်း တစ်နှစ်ထက်တစ်နှစ် ပိုပြီးတော့ ဆတိုးပြီးတော့ များလာတာတွေ့ရပါတယ်။ ဒါပေမဲ့ မနှစ်ကတော့ ထူးခြားတာက ဈေးမတက်အောင်ဆိုပြီးတော့ အပြိုင်အဆိုင်မလုပ်ဘဲနဲ့ မနှစ်ကလူကိုပဲ ပြန်ပေးတဲ့စနစ်ကို ကျင့်သုံးတာလည်း တချို့ တိုင်းဒေသကြီးတွေမှာ တွေ့ရပါတယ်။ ဒါပေမယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုတာက ပြည်သူလူထုတွေ သားဈေး၊ ငါးဈေး သက်သာစေလိုတဲ့ ရည်ရွယ်ချက်နဲ့ အမှန်တကယ် မွေးမြူရေးလုပ်ငန်း အကြီးအကျယ်ပြုလုပ်တဲ့ ပုဂ္ဂိုလ်မျိုးကို ဈေးအနိမ့်ဆုံး လေလံစနစ်နဲ့ ဒါ တင်ဒါစနစ်နဲ့ ပေးပြီးတော့ လိုင်စင်ချထားပေးမယ်ဆိုရင် အများပြည်သူတွေ ဈေးနှုန်းသက်သာစွာနဲ့ ဝယ်ယူစားသုံးနိုင်လိမ့်မယ်လို့ ကျွန်တော်ထင်မြင်ယူဆပါတယ်။

ကျွန်တော်တို့ အခုခေတ်အခါက Bottle Art တို့၊ ကျောင်းသားဗဟိုပြုတို့၊ ပြည်သူဗဟိုပြုတို့၊ ဒီလိုမျိုးတွေ ကျွန်တော်တို့ ခေတ်စားနေတဲ့ အချိန်မှာ တကယ်ပြည်သူကို ဗဟိုပြုပြီးတော့ စဉ်းစားမယ်ဆိုရင် ပြည်သူလူထု သက်သာချောင်ချိအောင် ကျွန်တော်တို့ ဘယ်နည်းလမ်းနဲ့ လုပ်ပေးရမှာလဲဆိုတာကို စဉ်းစားပေးဖို့ လိုမယ်ထင်ပါတယ်။ စည်ပင်သာယာ ဗဟိုပြုစဉ်းစားမယ်ဆိုရင်တော့ ဈေးအများဆုံးရတဲ့သူကို ဒါပေးရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ စည်ပင်သာယာကလည်း ရရှိတဲ့ လေလံငွေတွေကို မြို့ ရွာသန့်ရှင်းသာယာလှပရေးအတွက် အသုံးပြုတယ်ဆိုတာလည်း ကျွန်တော်နားလည်သဘောပေါက်ပါတယ်။ ဒါပေမယ်လို့ တစ်နှစ်ထက်တစ်နှစ် ဈေးပိုမိုတိုးတက်လာတဲ့ ဒီ သားဈေး၊ ငါးဈေးတွေကို ခုနှိမ်ကာမိအောင် တကယ်အကြီးစား မွေးမြူထုတ်လုပ်တဲ့ မွေးမြူရေးလုပ်ငန်းရှင်တွေကို ဈေးပြိုင်စနစ်နဲ့ မည်သူကိုဟုတ်လား၊ မည်သူကတော့ဖြင့် ဈေးနှုန်းအသက်သာဆုံး ပေးနိုင်တယ်။ ရောင်းနိုင်တယ်။ ဈေးနှုန်းသက်သာဆုံးနဲ့ ရောင်းနိုင်တဲ့ အနေအထားရှိတယ်ဆိုတဲ့ တင်ဒါစနစ်နဲ့ ခေါ်ယူပြီးတော့ အဲဒီလူမျိုးကိုသာ အမဲလိုင်စင်၊ ဝက်လိုင်စင်ကို ပေးမယ်ဆိုလို့ရှိရင် ပြည်သူလူထု ဈေးအချိုသာဆုံးနှင့် ဝယ်ယူစားသုံး နိုင်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ တွေးမိပါတယ်။

ဒါကြောင့်မို့လို့ အမဲလိုင်စင်၊ ဝက်လိုင်စင် ချထားပေးရာ၌ ဈေးအမြင့်ဆုံး လေလံအောင်သူကို ပေးမယ့်အစား တစ်ပိသာလျှင် ဈေးအနည်းဆုံးနှင့် ရောင်းနိုင်ပါသည်ဆိုသူကို လုပ်ပိုင်ခွင့် ချထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဦးကျော်ကျော်ဝင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁) မှ ဒုတိယဝန်ကြီး၊ ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် ၏ မေးမြန်းခြင်းနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ကိုယ်စား လေးစားစွာဖြင့် ဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

လှည်းကူးမြို့ မြို့မဈေးကြီးမှာ ဧရိယာ (၁.၉၀)ဧက ကျယ်ဝန်းပြီး ဈေးဆိုင်ခန်းပေါင်း(၆၅၆)ခန်း ရှိပြီးတော့ ရန်ကုန်-ပဲခူး လမ်းမကြီးဘေးတွင် တည်ရှိသောကြောင့် စည်ကားသောဈေးကြီးဖြစ်ပါတယ်။ မူလ မြို့မဈေးကြီး၏ဧရိယာမှာ ကျဉ်းမြောင်းနေခြင်းကြောင့် အရန်ဈေးများအဖြစ် ဆောက်လုပ်ဖွင့်လှစ်ပေးရန် အဆိုပြုထားသည့်နေရာသည် လှည်းကူးမြို့၊ အောင်မင်္ဂလာရပ်ကွက်အတွင်းရှိ အလျား (၄၄၆)ပေ၊ အနံ (၃၈) ပေရှိပြီး ဧရိယာ (၃.၉၁)ဧက ကျယ်ဝန်းသည့် အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေနေရာ ဖြစ်ပါတယ်။ အဆိုပါမြေနေရာသည် ၁၉၉၀ ခုနှစ်တွင် မြို့ကွက်သစ်ဖော်ထုတ်ရာ၌ လန/၃၉ ခွင့်ပြုချက် ရရှိထားပြီးဖြစ်သည့်အပြင် အိမ်ကွက်များနေရာချထားပေးပြီးနောက် ကျန်ရှိသည့် ချန်လှပ်မြေဖြစ်ပါတယ်။

လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၈-၁၀-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော မြို့နယ်စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးမှတ်တမ်းအမှတ်စဉ် (၂၆/၂၀၁၄) ဆုံးဖြတ်ချက်အပိုဒ် ၅(ဈ)အရ မူလပိုင်ရှင်ဖြစ်သော ဦးဘုန်းပျံနှင့် ဦးမြစိန်တို့၏ တင်ပြတောင်းခံချက်အရ ဧရိယာ (၃.၉၁) ဧကအနက် (၂.၃၆) ဧကအား ပြန်လည်ပေးအပ်ရန်ဟု ဆုံးဖြတ်၍ ပြန်လည်ပေးအပ်ခဲ့ခြင်းကြောင့် မြေ (၂.၃၆)ဧကအား ဦးဘုန်းပျံနှင့် ဦးမြစိန် တို့မှ ခြံစည်းရိုးကာရံထားပြီးဖြစ်ပါတယ်။

လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ခြံလှပ်မြေ (၃.၉၁) ဧကနဲ့ (၂.၃၆) ဧကအား မူလပိုင်ရှင်များသို့ ပြန်လည်ပေးအပ်ခဲ့ခြင်းကြောင့် ကျန်သည့်မြေမှာ (၁.၅၅) ဧကသာ ကျန်ရှိခြင်း၊ ကျန်ရှိသည့်မြေမှာလည်း လှည်းကူးမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ပိုင်မြေအဖြစ် အမည်မပေါက်သေးခြင်း၊ အရန်ဈေးအဖြစ် ဖွင့်လှစ်တည်ထောင်ရန် လျာထားသည့်နေရာသည် ယခင် ဖွင့်လှစ်ရောင်းချနေသည့် မြို့မဈေးကြီးနှင့် ပေ (၃၀၀၀)ခန့်ကွာဝေးပြီး အရန်ဈေး တည်ဆောက်ပါက မြို့မဈေး

ကြီး၏ရောင်းဝယ်မှု ကျဆင်းနိုင်ခြင်းကြောင့် အရန်စျေးအဖြစ်တည်ဆောက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ် ခင်ဗျား။

ဆက်လက်၍ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနု ၏ မေးမြန်းခြင်းနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ကိုယ်စား ဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်။ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်အတွင်း နေထိုင်ကြသော အိမ်ထောင်စုပေါင်း (၆၅၇)စု၏ကိုယ်စား ဒုတိယဗိုလ်မှူးကြီး တင်ရွှေ(ငြိမ်း)ခေါင်းဆောင်အဖြစ်ပါဝင်သော ရပ်မိရပ်ဖ (၇)ဦးမှ ဂရန် ရရှိရေး မြေသိမ်းဆောင်ရွက်ပေးပါရန် လျှောက်ထားမှုအပေါ် မြေအမည်ပေါက်သည် နိုင်ငံခြားသား ဖြစ်မှသာ မရွှေ့ မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေအရ အရေးယူ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် မြေအမည်ပေါက်သည် နိုင်ငံခြားသား ဟုတ်မဟုတ် မြေတိုင်းမြေပုံ၊ တည်နေရာပြ မြေပုံအညွှန်း၊ အမည်ပေါက်မြေပုံ၊ မြေရာဇဝင်နှင့် ယင်းမြေကွက်ပေါ်တွင် နေထိုင်သူများထံမှ မြေငှား ဂရန်ရရှိသူများစာရင်းတို့ကို ခွဲခြားပြုစုပြီး စိစစ်ပြန်ကြားပေးရန် ပြည်ထဲရေးဝန်ကြီးဌာနမှ ၄-၁၀-၂၀၁၃ ရက်နေ့ ရက်စွဲဖြင့် အကြောင်းကြားလာသဖြင့် လိုအပ်ချက်များတိကျစွာပြန်ကြားနိုင်ရေးအတွက် မြေပြင်ကွင်းဆင်းစစ်ဆေးနိုင်ရန် လျှောက်ထားသူများမှ မြေပြင် လိုက်လံပြသနိုင်ရေးအတွက် လာရောက်ဆက်သွယ်ရန် ၁၄-၅-၂၀၁၄ ရက်စွဲဖြင့် အကြောင်းကြားခဲ့ပြီး ၂၄-၅-၂၀၁၄ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးတိုင်းတာခြင်းတို့ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ဒုတိယဗိုလ်မှူးကြီး တင်ရွှေ(ငြိမ်း) ဦးဆောင်သော ရပ်မိရပ်ဖအဖွဲ့တို့ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး မြေပြင်ဧရိယာကျယ်ဝန်းသဖြင့် (၁၅)ကြိမ်ခန့် အသေးစိတ်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်း၊ လိုအပ်ချက်များပြုစုခြင်းတို့ကို ဆောင်ရွက်ပြီး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ၁၆-၂-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ရကစ/မြို့ပြမြေစီမံ-၂၀၁၅ (၃၂၇၉)ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ စိစစ်ပြန်ကြားပြီးဖြစ်ပါတယ်။

အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ အိမ်ထောင်စုပေါင်း(၆၅၇)စု အဆိုပြုလျှောက်ထားသော မြေနေရာသည် အင်းစိန်မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၄)ပိန္နဲကုန်း၊ (၃၄)ပိန္နဲကုန်း၊(၃၅) ပိန္နဲကုန်းရှိ မြေကွက်ပေါင်း(၃၉)ကွက်၊ စုစုပေါင်းဧရိယာ (၃၆.၅၆၆)ဧကအတွင်း မြေအမျိုးအစား မြေပိုင်မြေ၊ B မြေ၊ L မြေ၊ B လ/န (၃၉)မြေများဖြစ်ပြီး မြေအမည်ပေါက်များမှာ နိုင်ငံခြားသားအမည်ပေါက်၊ နိုင်ငံသားအမည်ပေါက်၊ အစိုးရအမည်ပေါက် မြေများဖြစ်သဖြင့် နိုင်ငံခြားသားအမည်ပေါက်မြေအား ပြည်ထဲရေးဝန်ကြီးဌာနမှ မြေသိမ်းဆည်းဆောင်ရွက်ပြီး မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးပါက လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ဆောင်ရွက်ပေးသွားပါမည်။ နိုင်ငံသားအမည်ပေါက် မြေအား အမွေဆက်ခံခွင့်ရှိသူများ(သို့မဟုတ်) ပိုင်ဆိုင်ခွင့်ရှိသူများမှ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်ချုပ်ဆိုထားသော စာချုပ်စာတမ်းများရရှိအောင် ဆောင်ရွက်ပြီးမှသာ အမည်ပေါက်ရရှိရေး ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါတယ်။

အစိုးရအမည်ပေါက်မြေအား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့တင်ပြ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ အများပြည်သူများအား မြေငှားစာချုပ်ဂရန်ရရှိရေး ဆောင်ရွက်နိုင်မှုအခြေအနေအရပ်ရပ်ကို ပြည်ထဲရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်ရရှိပါက အသိပေးရှင်းလင်း ပြောကြားသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။

ဆက်လက်၍ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၂)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေ၏ မေးမြန်းခြင်းနဲ့ပတ်သက်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ဖြေကြားချက်များကို ပေါင်းစပ်ညှိနှိုင်းပြီး တာဝန်ယူဖြေကြားသော နေပြည်တော်ကောင်စီကိုယ်စား လေးစားစွာဖြင့် ဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဦးလှဆွေ ၏ မေးခွန်းနဲ့ပတ်သက်၍ တိုင်းဒေသကြီးပြည်နယ်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့မြို့နယ်အတွင်း စည်ပင်သာယာရေးလုပ်ငန်းများအား မိမိတို့အဖွဲ့ဝင်ငွေပေါ် အဓိကထား ရပ်တည်ဆောင်ရွက်ရပါတယ်။ ထို့အပြင် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ ၅/၉၃ နှင့် သက်ဆိုင်ရာ ပြည်နယ်တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေများနှင့်အညီ ပြဋ္ဌာန်းထားသော လုပ်ငန်းများကို ဒေသ၊ ခေတ်ကာလနှင့်လျော်ညီသော နှုန်းထားများ သတ်မှတ်၍ လုပ်ငန်းလိုင်စင်များ၊ အခွင့်အရေးလိုင်စင်၊ လုပ်ငန်းများတွင် အခွန်အခ၊ အကောက်များ ကောက်ခံ၍ ရရှိသော အဖွဲ့ဝင်ငွေဖြင့် ဒေသ၏ သန့်ရှင်းသာယာလှပရေးနှင့် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ စည်ပင်သာယာရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သားသတ်လုပ်ငန်းလိုင်စင်ခွင့်ပြုရာတွင် ၎င်းလုပ်ငန်းလိုင်စင် စီလုပ်ငန်းရှင်များအားလုံးသားသတ်လုပ်ငန်းလုပ်ကိုင်လိုပါက အညီအမျှ ခွဲဝေလုပ်ကိုင်ခွင့်ပြုသည့်စနစ်ဖြင့် လေလံကြေးကြီးမြင့်စွာယှဉ်ပြိုင်စေခြင်းမရှိဘဲ လုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်း၊ လိုင်စင် စီလုပ်ငန်းရှင်များအား လေလံစည်းကမ်း၊ လိုင်စင်စည်းကမ်းများ သိရှိနားလည်သဘောပေါက်အောင် ချပြရှင်းလင်းခြင်း၊ မိမိမြို့နယ်နှင့်သင့်လျော်သော လေလံချထားမှုနည်းစနစ်များကို တင်ပြစေ၍ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့သို့ အတည်ပြုချက်ရယူကာ ခေတ်ကာလနှင့်အညီ လိုက်လျောညီထွေဖြစ်စေမည့် အသားဈေးနှုန်းများဖြင့် အများပြည်သူအား ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ဝယ်ယူစားသုံးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါတယ်။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် တစ်ပိဿာဈေးအနည်းဆုံး ရောင်းချနိုင်သူကိုသာလေလံချထားပေးပါက အဖွဲ့ဝင်ငွေများမှာ လျော့နည်းပြီး မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အားနည်းမှုဖြစ်ပေါ်လာနိုင်ပါသည်။ ဈေးကွက်အလိုကျ ဖြစ်ပေါ်နေသည့် ဈေးနှုန်းအား ကန့်သတ်ထိန်းချုပ်ရန်ခက်ခဲပါသဖြင့် အမဲ၊ ဝက် လိုင်စင်များအား တစ်ပိဿာလျှင် ဈေးအနည်းဆုံးဖြင့် ရောင်းချနိုင်မည့်သူကို လေလံချထားပေးရန် အစီအစဉ် မရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ထူးကြီးမြို့မှ မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာ (ပုသိမ်-မုံရွာကားလမ်း)အထိ(၁၁)မိုင် ရှည်လျားသည့် မြန်မာ့မီးရထားမှ အသုံးမပြုတော့ဘဲ သံလမ်းများလည်း ဖြုတ်သိမ်းပြီးဖြစ်သည့် လမ်းတာအား ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ လွှဲပြောင်းကာ မြို့နယ်ချင်းဆက်သွယ်သည့် ကားလမ်းအဖြစ် ပြောင်းလဲဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာဌေးဝင်း က ထူးကြီးမြို့မှ မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာ (ပုသိမ်-မုံရွာကားလမ်း)အထိ (၁၁) မိုင်ရှည်လျားသည့် မြန်မာ့မီးရထားမှ အသုံးမပြုတော့ဘဲ သံလမ်းများလည်း ဖြုတ်သိမ်းပြီး ဖြစ်သည့်

လမ်းတာအား ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ လွှဲပြောင်းကာ မြို့နယ်ချင်းဆက်သွယ်သည့် ကားလမ်းအဖြစ် ပြောင်းလဲဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဒေါက်တာဌေးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုဝန်ကြီးများ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ အမှတ်(၅)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဌေးဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့မှ မြန်အောင်မြို့နယ်၊ ဘန့်ဘွေးကုန်းကျေးရွာ ပုသိမ်-မုံရွာကားလမ်း အထိ(၁၁)မိုင် ရှည်လျားတဲ့ မြန်မာ့မီးရထားမှ အသုံးမပြုတော့သော သံလမ်းများလည်း ဖြုတ်သိမ်းပြီးဖြစ်တဲ့ လမ်းတာအား ကျေးလက် ဖွံ့ဖြိုးရေးဦးစီးဌာနသို့ လွှဲပြောင်းပြီးတော့ မြို့နယ်ချင်းဆက်သွယ်ရေး ကားလမ်းအဖြစ် ပြောင်းလဲ ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ စပ်လျဉ်းတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့ဟာ ယခုအစိုးရလက်ထက် မကြာသေးတဲ့ ကာလနှစ်များအတွင်း လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည်ဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်လာပြီးဖြစ်ပြီးတော့ မြို့တွင်းလမ်းများ၊ ခေတ်မီအဆောက်အဦများနှင့် စနစ်တကျ ဖွဲ့စည်းထားတဲ့ ရပ်ကွက်များဖြင့် ထူးခြားတိုးတက် ပြောင်းလဲလာသော မြို့တစ်မြို့ဖြစ်ပါတယ်။ သို့ရာတွင် ထူးကြီးမြို့၏ အနောက်ခြမ်းမှာရှိတဲ့ ထူးဝအုပ်စု၊ သပြေပင်အုပ်စုနဲ့ မြန်အောင်မြို့နယ် ညောင်ကျင်၊ ထိန်သေး၊ ဘန့်ဘွေးကုန်းကျေးရွာအုပ်စုများဟာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ထူးကြီးမြို့နှင့် ဆက်သွယ်သွားလာနိုင်မှု၊ ကုန်စည်စီးဆင်းမှု၊ ချို့ယွင်းအားနည်းလျက်ရှိကာ စီးပွားရေးဖွံ့ဖြိုးမှုနိမ့်ကျလျက်ရှိပါတယ်။

ထူးကြီးမြို့အနီးမှ မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာ ပုသိမ်-မုံရွာကားလမ်းသို့ ဆက်သွယ်သော မီးရထားလမ်းဟာ တချိန်က အင်္ဂပူမြို့နယ် ကျွဲဇင်းရွာအနီး ကျောက်မိုင်းမှ လမ်းခင်းကျောက်ကြီးများကို မီးရထားဖြင့် သယ်ယူကာ ထူးကြီးမြို့အနီး သံလမ်းဆီသို့ သယ်ပို့နိုင်ရေး ဆောင်ရွက်ခဲ့တဲ့ မီးရထားလမ်းဖြစ်ပါတယ်။ အခုအခါမှာတော့ ကျောက်မိုင်းမှာလည်း အသုံးမပြုတော့ဘဲနဲ့ မီးရထားသယ်ပို့မှုလည်း ရပ်ဆိုင်းခဲ့သည်မှာ နှစ်ပေါင်း(၃၀)ကျော်ကြာခဲ့ပြီ ဖြစ်ပါတယ်။ ၎င်းလမ်းပေါ်ရှိ သံလမ်းများ၊ ဇလီဖားတုံးများအချို့မှာလည်း ဖြုတ်သိမ်းပြီး ဖြစ်ခဲ့သည်မှာ နှစ်ပေါင်းကြာလှပြီ ဖြစ်ပါတယ်။

အဆိုပါ(၁၁)မိုင်ရှည်လျားတဲ့ အသုံးမပြုတော့သော မီးရထားလမ်းတာအား ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးပြီး ဆက်သွယ်ရေးကားလမ်းအဖြစ် အသုံးပြုမည်ဆိုပါက ပုသိမ်-မုံရွာလမ်းနှင့် ဟသ်ာတ-မြန်အောင်ကားလမ်းတို့၏ ဆက်စပ်လမ်းအဖြစ်လည်းကောင်း၊ မြို့နယ်ချင်းဆက်လမ်းအဖြစ်လည်းကောင်း ဖြစ်ပေါ်လာသည်နှင့်အညီ ဒေသတွင်းမှာရှိတဲ့ ထူးကြီးမြို့ အနောက်ခြမ်းကျေးရွာများ၊ မြန်အောင်မြို့နယ် အနောက်တောင်ဘက်ခြမ်းမှာရှိတဲ့ ကျေးရွာများ၏ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးနဲ့ လူမှုရေး အစစ အလျှင်အမြန် ဖွံ့ဖြိုးတိုးတက်လာတော့မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာမှာ (၁) ယခုတင်ပြခဲ့သော အင်္ဂပူမြို့နယ် ထူးကြီးမြို့မှ မြန်အောင်မြို့နယ်-ဘန့်ဘွေးကုန်းကျေးရွာ ပုသိမ်-မုံရွာကားလမ်းအထိ မြန်မာ့မီးရထားမှ

အသုံးမပြုတော့သော သံလမ်းများလည်း ဖြုတ်သိမ်းပြီးဖြစ်တဲ့ လမ်းတာအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနသို့ လွှဲပြောင်းကာ ဆက်သွယ်ရေး ကားလမ်းအဖြစ် ပြောင်းလဲဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ။ (၂)ဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် လွှဲပြောင်းဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ ဒေသခံ ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၅။**

**ဦးမြင့်သိန်း (ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)ရဲ့ မေးခွန်းအပေါ်မှာ ကျွန်တော့်အနေနဲ့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးမြင့်သိန်းမှ ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့မှ မြန်အောင်မြို့နယ်၊ ဘန့်ဘွေးကုန်းကျေးရွာ ပုသိမ်-မုံရွာကားလမ်းအထိ ဖောက်လုပ်ထားသော ထူးကြီးသပြေပင်တောင် ကျောက်မိုင်း လမ်းမြောင်ဟာ စုစုပေါင်း သံလမ်းအရှည် (၁၂.၆၃)မိုင် ရှိပါတယ်။ ထူးကြီးသပြေပင်တောင် ကျောက်မိုင်းအတွင်း ကျောက်ထုတ်လုပ်နိုင်တဲ့ ဧရိယာမှာ ကညင်ဆည်အတွင်း ကျရောက်ပြီးတော့ ရေမြုပ်ဧရိယာမှာ ပါဝင်သွားပါသဖြင့် ၂၀၁၁ ခုနှစ် နောက်ပိုင်း ကျောက်ဆက်လက် ထုတ်လုပ်နိုင်ခြင်းမရှိပါ။ အဆိုပါ လမ်းမြောင်ရထားသံလမ်း(၁၂.၆၃)မိုင်ရှိသည့်အနက် ကြီးကြပ်မှုလွယ်ကူသော (၁၀)မိုင်ကို ထိန်းသိမ်းထားရှိပြီး ရေမြုပ်ဧရိယာအတွင်း ပါဝင်သွားသော (၂.၆၃)မိုင်ကို သံလမ်းများ ဖြုတ်သိမ်းခဲ့ပြီး ဖြစ်ပါတယ်။

မြန်မာ့မီးရထားအနေဖြင့် ပုသိမ်-ကြံခင်း ရထားလမ်းအတွက် လမ်းခင်းကျောက်ထုတ် လုပ်နိုင်ရန် ရည်ရွယ်ပြီး ဖောက်လုပ်ထားသော်လည်း ကျောက်ထုတ်လုပ်သော ဧရိယာမှာ ရေမြုပ် ဧရိယာအတွင်း ကျရောက်နေ၍ အသုံးပြုနိုင်ခြင်းမရှိတော့သောကြောင့် ၎င်းလမ်းတာအား ဒေသဖွံ့ဖြိုးရေးအတွက် ကားလမ်းအဖြစ် ပြုပြင်ဖောက်လုပ်ရန် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနက အဆိုပြုလာပါက မြန်မာ့မီးရထားအနေဖြင့် သံလမ်းများဖြုတ်သိမ်းကာ လွှဲပြောင်းပေးအပ်နိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်တွင် ကမ္ဘာလှည့်ခရီးသည်များအား လူနေအိမ်များတွင် တည်းခိုခွင့် (Home Stay) ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း က ချင်းပြည်နယ်တွင် ကမ္ဘာလှည့်ခရီးသည်များအား လူနေအိမ်များတွင် တည်းခိုခွင့် (Home Stay) ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းမေးမြန်းခွင့် ပြုတဲ့အတွက် ကျေးဇူးတင်ကြောင်း ဦးစွာပြောကြားလိုပါတယ်။ မေးခွန်းကတော့ ချင်းပြည်နယ်သည် ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်း အမြင့်မားဆုံး ပြည်နယ်ဖြစ်ပြီး အခြေခံအဆောက်အဦများ လိုအပ်ချက်ကြီးမားပါသည်။ အထူးသဖြင့် ပြည်တွင်း/ပြည်ပ ခရီးသွား ဧည့်သည်များ တည်းခိုနိုင်ရန် ဟိုတယ်နှင့် တည်းခိုခန်းများ လိုအပ်လျက်ရှိပါသည်။ ချင်းပြည်နယ်သည် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းအတွက် အလားအလာကောင်းများ ရှိထားပါသဖြင့် ကမ္ဘာလှည့်ခရီးသည်များအား လူနေအိမ်များတွင် တည်းခိုခွင့်ပြုပါက တည်းခိုသူများအတွက် အဆင်ပြေမှုများရှိသလို ဒေသခံများအတွက်လည်း ဝင်ငွေရရှိမည် ဖြစ်ပါသည်။

ခေတ်အဆက်ဆက်တည်ငြိမ်အေးချမ်းမှုအရှိဆုံးဖြစ်ပြီး လူနေကျဲသည့် ဒေသလည်းဖြစ်သဖြင့် လုံခြုံရေးကိစ္စ စိုးရိမ်ပူပန်ရန်မလိုပါ။ ချင်းပြည်နယ်၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန်အတွက် ချင်းပြည်နယ်ကို အထူးကိစ္စရပ်ဖြင့် ခြွင်းချက်ထား၍ Home Stay ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၉။**

**ဒေါက်တာတင်ရွှေ (ဒုတိယဝန်ကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအပါအဝင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး စိတ်ရောကိုယ်ပါ အစဉ်ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဦးစွာမေတ္တာဆုမွန်ဖြင့် ဂါရဝပြုအပ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ချင်းပြည်နယ်အမှတ်(၂)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်

ဦးဇုန်လှယ်ထန်း ရဲ့ မေးမြန်းတဲ့ အချက်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက် အရ ကျွန်တော် ဖြေကြားသွားမှာဖြစ်ပါတယ်။

ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဇုန်လှယ်ထန်း ရဲ့ မေးခွန်းဟာ မိမိတို့ရဲ့ ပြည်နယ်အတွက် ကောင်းရာကောင်းကြောင်း၊ ဖွံ့ဖြိုးတိုးတက်စေကြောင်းနဲ့ ယနေ့လိုအပ်နေတဲ့ Reducing of Poverty Rate ကို ကျဆင်းစေဖို့ရည်ရွယ်ပြီး မေးမြန်းတဲ့ မေးခွန်းဖြစ်တဲ့အတွက် အထူးပဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဦးစွာပန်ကြားအပ်ပါတယ်။ ကျွန်တော်တို့ ယနေ့ မြန်မာနိုင်ငံရဲ့ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းဟာ အလွန်ပဲနုနယ်တဲ့ အချိန် Very Friable Time ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က အစစအရာရာ စီးပွားရေး ထိခိုက်နစ်နာလွယ်မှု ဆိုင်ရာ ကော်မတီ အနေနဲ့ ယနေ့ LDC မှလွတ်မြောက်ရေးမှာ ကျွန်တော်တို့ ဟိုတယ်နဲ့ခရီးဟာ သက်ဆိုင်နေ ပါတယ်။ ဒါကတော့ Economic Vulnerable Index လို့ခေါ်တဲ့ စီးပွားရေး ထိခိုက်နစ်နာလွယ်မှုကို ကျွန်တော်တို့ ဟိုတယ်နဲ့ခရီးဟာ အလွန်ပဲ နီးစပ်နေတဲ့ ကိစ္စတစ်ရပ်ဖြစ်ပါတယ်။

ဒါကြောင့် ကမ္ဘာ့လှည့်ခရီးသည်များကို ရပ်ကွက်အတွင်းမှာရှိတဲ့ လူနေအိမ်များမှာ Home Stay အဖြစ်နဲ့ တည်းခိုခွင့် မပေးနိုင်ခြင်းဟာ ကျွန်တော်တို့နိုင်ငံရဲ့ နုနယ်လှတဲ့ ခရီးသွားလုပ်ငန်း အခြေအနေပေါ်မှာ မူတည်၍ ဖြစ်ပါတယ်။ တစ်နည်းဆိုရမယ်ဆိုရင်တော့ ဒီလိုတည်းခိုခွင့်ပေးလိုက်တဲ့ အတွက် ကျွန်တော်တို့ဆီမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ ယဥ်ကျေးမှု၊ ကျွန်တော်တို့ရဲ့ ယဥ်ကျေးမှုတွေဟာ အလွန်ပင် နုနယ်ပျော့ပျောင်းလှတဲ့အတွက် လူမှုအဖွဲ့အစည်းရဲ့ ကျွန်တော်တို့ ပြဿနာများပေါ်ပေါက်လာ နိုင်စေပါတယ်။ ဒါကြောင့်မိုလို့ INGO အဖွဲ့တွေကနေပြီးတော့ Child Sex Tourism ဆိုတာတွေပါ အခုလာရောက်ပြီး ဆွေးနွေးပြီးတော့ သတိပေးနေခြင်းဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ လုပ်နိုင်တဲ့နည်းလမ်းလေး နှစ်သွယ်ကိုတော့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ကြီးသိရှိအောင်နဲ့ ကျွန်တော်တို့ Knowledge Sharing လုပ်သွားပါ့မယ်။ (၁)အချက် ကတော့ ကျွန်တော်တို့ Social Visa လို့ခေါ်တဲ့ လူမှုရေးကိုအခြေပြုပြီးတော့ ဝင်ခွင့်ပေးတဲ့ ဗီဇာရှင်တွေ အတွက်ကိုတော့ တစ်ကြိမ်တုန်းက ကျွန်တော် အမျိုးသားလွှတ်တော်တက်ခဲ့စဥ်က အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ ချင်းပြည်နယ်မှ အဆိုများပြုတဲ့အခါမှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးကနေ အကြံပြုဆွေးနွေးခဲ့တာကို ယနေ့ထက်တိုင် နားထဲမှာ စွဲနေ ပါတယ်။

ဒါကတော့ ခင်ဗျားတို့ချင်းပြည်နယ်မှာ ချင်းပြည်နယ်ကနေပြီးတော့ နိုင်ငံခြားကိုထွက်၊ ထွက်ပြီးတော့ INGO တွေလုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေအများကြီးရှိတယ်။ အဲဒီတော့ အဲဒီရှိတဲ့ ပုဂ္ဂိုလ်တွေ ကိုလည်း ခင်ဗျားတို့က ချဥ်းကပ်ကြည့်ပါလား ဆိုပြီးတော့ မိန့်မှာခဲ့ပါတယ်။ ဒါကြောင့်မိုလို့ ချင်းပြည်နယ် က အမျိုးသမီးပဲ ဖြစ်စေ၊ အမျိုးသားပဲဖြစ်စေ ပြည်ပကိုထွက်နေကြတယ်။ ပြည်ပမှာ ချင်းအမျိုးသမီးက လည်း နိုင်ငံခြားသားနဲ့ အိမ်ထောင်ပြုတယ်။ ချင်းအမျိုးသားကလည်း နိုင်ငံခြားသူနဲ့ အိမ်ထောင်ပြုတယ်။ ဒီလိုနဲ့ပြုကြတဲ့အခါမှာ မိသားစုပေါ်ပေါက်လာပြီးတော့ ကျွန်တော် ၂၀၁၃ ဟိုတယ်နဲ့ခရီးသွားလာရေး ဒုတိယဝန်ကြီးအဖြစ် ရောက်ရှိတဲ့အချိန်မှာ ချင်းပြည်နယ်ကနေပြီး ဒီလို မြန်မာပြည်ကို ပြန်လာပြီး Visia on Arrivable တောင်းပြီးတော့ ချင်းပြည်နယ်ကိုသွားမယ့် Tour Package တွေကို ကျွန်တော်တွေ့ခဲ့ရ ပါတယ်။

ဒါကြောင့်မိုလို့ အဲဒီလိုသွားလာပြီး မြန်မာနိုင်ငံကို အခြေပြုပြီးတော့ အိမ်ထောင်ပြုထားတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ ပြန်လာတဲ့အခါမှာတော့ လူ့အခွင့်အရေးလည်း မဆုံးရှုံးရအောင် ပြည်ထဲရေးဝန်ကြီး ဌာနကနေပြီးတော့ ဒီဆောင်ရွက်မှုအနေအထားအရ ဒီချင်းပြည်နယ်မှာရှိတဲ့ နေအိမ်တွေမှာ တည်းခိုခွင့် ပေးခဲ့ပါတယ်။ ပေးလည်းပေးထားလျက်ရှိပါတယ်။ နောက်ချင်းပြည်နယ်ကို လွတ်လပ်စွာနဲ့ ၁၅-၁-၂၀၁၃ ကနေစပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနကနေ ခွင့်ပြုချက် တိုင်စရာမလိုဘဲနဲ့ သွားရောက်နိုင်တယ်ဆိုတဲ့ အကြောင်းကိုလည်း ဖော်ပြထားပါတယ်။ သို့သော် Rule and Regulation အရ မိမိတို့ရောက်ရှိတဲ့ ဒေသမှာတော့ မြို့နယ်အုပ်ချုပ်ရေးမှူးများထံမှာ တင်ပြထားပြီးတော့ နေအိမ်မှာ နေခွင့်ရရှိစေပါတယ်။

နောက် နည်းလမ်းတစ်ခုကတော့ ကျွန်တော်တို့ ဒါဟာ မကြာခင်ကပဲ ကျွန်တော်တို့ ဒီဂျာမဏီနိုင်ငံ အခြေစိုက်တဲ့ အင်ဆိုက်တာ Foundation ကဥက္ကဋ္ဌကြီးဟာ ကြွရောက်လာပြီးတော့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တွေ့ဆုံခြင်း၊ နိုင်ငံတော်ဒုတိယသမ္မတနဲ့ တွေ့ဆုံခြင်းပြုသွားတဲ့ အင်ဆိုက်တာဖောင်ဒေးရှင်း ကလည်း ကျွန်တော်တို့ ဟိုတယ်နဲ့ခရီးအတွက် Responsible Tourism Policy လို့ ခေါ်တဲ့ တာဝန်သိတဲ့ ခရီးသွားလုပ်ငန်း ၊ နောက်တစ်ခါ Community Based Tourism လို့ ခေါ်တဲ့ ပြည်သူကို အခြေပြုတဲ့ ခရီးသွားလုပ်ငန်း၊ တစ်နည်းအားဖြင့်ဆိုရင်လည်း လူမှုအဖွဲ့အစည်းကို အခြေပြုတဲ့ ခရီးသွားလုပ်ငန်း ဒီ Policy တွေကို ကျွန်တော်တို့ ၂၀၁၂ ထဲက ချထားပေးပြီး ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ CBT လို့ခေါ်တဲ့ Community Based Tourism ကို အခြေခံပြီးတော့ မိမိတို့ပြည်နယ်မှာရှိတဲ့ မိမိတို့ရဲ့တိုင်းရင်းသားကြီးတွေကနေ စုပေါင်းပြီးတော့ ချင်းပြည်နယ်ဟာ မေးခွန်း ရှင် တင်ပြသွားသလိုပဲ အလွန်ပင် သာယာလှပတဲ့ တောင်တန်းကြီးတွေ ရှိပါတယ်။ ယခင်ကဆိုရင် ချင်း လေးလို့တောင်မှ ခေါ်ခဲ့ကြပါတယ်။ ချင်းတောင်တန်းကြီးတွေ ဒီတောင်တန်းကြီးတွေနဲ့ အလှအပတွေနဲ့ နောက်ရှိနေတဲ့ ယနေ့အထိ ခေတ်စားလာခဲ့တဲ့ သဘာဝအခြေခံခရီးသွားလုပ်ငန်း Eco Tourism Site ကို လည်း မျှော်ကိုးပြီးတော့ တစ်နေ့တာခရီးနဲ့သွားလို့ ပြန်မရောက်လာနိုင်တဲ့အချိန်မှာ မိမိတို့ရဲ့ တောင်တန်း ပေါ်မှာပဲ မိမိတို့ လူ့အဖွဲ့အစည်းကနေ ဆောင်ရွက်ပြီးတော့ စုပေါင်းညီညာစွာနဲ့ ဆောင်ရွက်ပြီး ရိုးရာ ခြေတံရှည်အိမ်ကြီးများကို တည်ဆောက်ဖို့လိုပါတယ်။ အဲဒီတည်ဆောက်ထားတဲ့ အိမ်မှာ မိမိတို့နေအိမ် နဲ့ ကင်းကွာပြီးတော့ တည်ဆောက်ထားတဲ့ အိမ်မှာ ဒီကမ္ဘာလှည့်ခရီးသည်များကို တည်းခိုနေထိုင်နိုင်ခွင့် ပြုနိုင်ပါတယ်။ ဒါတွေကို ဆောင်ရွက်မယ်ဆိုရင်လည်းပဲ ကျွန်တော်တို့ ယနေ့ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်း ဝန်ကြီးဌာနရဲ့ မူအရတော့ မိမိတို့ဒေသမှာ ဟိုတယ် တည်ဆောက်မယ် ဆိုလို့ရှိရင် ဒါမှမဟုတ် Bed and Breakfast တည်ဆောက်မယ်ဆိုလို့ရှိရင် မိမိတို့နဲ့ သက်ဆိုင်တဲ့ ပြည်နယ်အစိုးရ၊ တိုင်း ဒေသကြီး အစိုးရတွေရဲ့ ခွင့်ပြုချက်ရမှာသာ ကျွန်တော်တို့က လိုင်စင်ထုတ်ပေးခြင်းကို ဆောင်ရွက်စေ ပါတယ်။

ဒါကြောင့် မိမိတို့ ချင်းပြည်နယ်မှာရှိတဲ့ ချင်းတိုင်းရင်းသားတွေက လူ့အဖွဲ့အစည်းတစ်ရပ်ကို ဖော်ဆောင်ပြီးတော့ ဒီလူ့အဖွဲ့အစည်းတစ်ရပ်ကနေ တို့ပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ တို့ပြည်နယ်ရဲ့ ဝင်ငွေရရှိရေး၊ တို့ပြည်နယ်ရဲ့ လူနေမှု အဆင့်အတန်း မြှင့်တင်ရေးကို ကိုယ်တိုင်ကိုယ်ကျ ပါဝင် ဆောင်ရွက်နိုင်တဲ့ Community Based Tourism နဲ့ လုပ်လိုက်ရင် ခုနကမေးခွန်းရှင်ကြီး မေးသွားသလို ကမ္ဘာလှည့်ခရီးသည်များကို တည်းခိုနေထိုင်ခွင့် အိမ်များမှာ ပေးနိုင်တဲ့ အစီအစဉ်ဟာ ရုပ်လုံးပေါ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် လူမှုရေးရာ အရှုပ်အထွေးလည်း မဖြစ်ပေါ်ရအောင်၊ လုံခြုံရေး အနေဖြင့်လည်း

ပို၍ ကောင်းအောင် မိမိတို့ ပြည်နယ်ဒေသရဲ့ အတိုင်းအတာနဲ့ Community Based Tourism ကို အခြေခံပြီးတော့ ဆောင်ရွက်ဖို့ တိုက်တွန်းလိုပါတယ်။

နောက် ကျွန်တော်တို့ရဲ့ ပြည်ထောင်စုဝန်ကြီးဟာ ၂၀၁၄ မတ်လမှာ သွားလာလို့လည်း ကောင်းနေတဲ့ လမ်းကြောင်းကြီး ဖြစ်တဲ့အတွက် ကန်ပက်လက်၊ ဟားခါး အစရှိတဲ့ ဒေသတွေကို သွားရောက်ပြီးတော့ လေ့လာခဲ့ပါတယ်။ ဒီလို လေ့လာပြီးခဲ့တဲ့အချိန်မှာ ချင်းပြည်နယ် ဝန်ကြီးချုပ်ကြီးကလည်း ကျွန်တော်တို့ဆီမှာ ဟိုတယ်နဲ့ ခရီးသွားလာရေးဖွံ့ဖြိုးမှုကို လိုလားပါတယ်။ ဒါကြောင့် ပြည်ထောင်စုဝန်ကြီးကနေ တတ်နိုင်သလောက် ကျွန်တော်တို့ကို ဆောင်ရွက်ပေးပါ။ ကျွန်တော်တို့ဆီမှာရှိတဲ့ လူလတ်ပိုင်းတွေ အလုပ်အကိုင် ရရှိရေးကိုလည်းပဲ ဆောင်ရွက်ပေးပါလို့ ဆွေးနွေးခဲ့ပါတယ်။ ဒီလိုဆွေးနွေးခဲ့တဲ့အတွက် ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးက ၅ လပိုင်း မေလထဲမှာ ကျွန်တော်တို့ ဟိုတယ်နဲ့ သက်ဆိုင်တဲ့ Front Office လို့ ခေါ်တဲ့ ဧည့်ကြိုသင်တန်းတစ်ခုကို သွားရောက်ပြီးတော့ ပေးပါတယ်။

နောက် အဲဒီထဲမှာပဲ Regional Tour Guide ချင်းတောင်မှာ နတ်မတောင်ဆိုတာ ရှိပါတယ်။ နတ်မတောင်ဟာ ပင်လယ်ပြင်အထက်ရဲ့ (၁၀၅၀၀)ပေမှာ တည်ရှိပါတယ်။ ကန်ပက်လက်က သွားမယ်ဆိုရင်တော့ သုံးမိုင်ခွဲလောက်ရှိပါတယ်။ နတ်မတောင်ကြီးက ရှေးယခင်လက်ထက်ကတည်းက ဝိတိုရီးယားတောင် ဒါမှမဟုတ်ရင်လည်း မောင့်ဝိတိုရီးယားလို့ ခေါ်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ အင်မတန်မှ ခန့်ညားထည်ဝါတဲ့ တောင်ကြီးကို အစွဲပြုပြီးတော့ ကန်ပက်လက်မှာ နတ်မတောင် အမျိုးသားဥယျာဉ်ဆိုတာလည်း ရှိပါတယ်။ အဲဒါကြောင့် နတ်မတောင် အမျိုးသားဥယျာဉ်ပေါ်မှာ မှီပြီးတော့ မျက်ခုံးပြာငှက်မျိုးတွေကစ အင်မတန်ရှားပါးတဲ့ ငှက်မျိုးတွေဟာ ဒီ နတ်မတောင် ဥယျာဉ်မှာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဝန်ကြီးက ဒီဒေသရဲ့ ဖွံ့ဖြိုးဖို့အတွက်ကို (Regional Tour Guide) Front Office နောက် House Keeping ဆိုပြီး တော့ အဲဒီချင်းပြည်နယ်မှာရှိတဲ့ လူလတ်နဲ့ သင်ကြားလိုတဲ့ စိတ်ဝင်စားတဲ့ ပုဂ္ဂိုလ်တွေကို အားလုံး (၇၀)ကို ကျွန်တော်တို့ ဟိုတယ်နဲ့ ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက စေတနာ မေတ္တာထားပြီးတော့ သင်တန်း ပို့ချခဲ့ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီမှာရှိတဲ့ သားငယ်သမီးငယ်လေးတွေက အလုပ်အကိုင် ရရှိရေးအတွက် ကို တက်လှမ်းနိုင်တဲ့ အဆင့်ကို ရောက်ရှိပါတယ်။

ဒါကြောင့်မို့လို့ နတ်မတောင်ကြီးကို အခြေပြုပြီးတော့ အင်မတန်မှ ကမ္ဘာလှည့်ခရီးသည်တွေက သွားရောက်လာခဲ့ကြတဲ့အတွက် ၂၀၁၂ ကနေစပြီးတော့ ကျွန်တော်တို့ ကမ္ဘာလှည့်ခရီးသည် အရေအတွက်ကို ကြည့်ရင် (၆၅၅)ဦး ရှိပါတယ်။ ၂၀၁၃ ရောက်တဲ့အခါကျတော့ (၁၀၂၇)ဦး ရှိပါတယ်။ နောက်တစ်ခါ ၂၀၁၄ မှာတော့ (၁၂၅၆)ဦး ဆိုတဲ့အတွက် တစ်နှစ်ထက်တစ်နှစ် Highly Potential တက်တက်လာတဲ့ Growth ဟာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ချင်းပြည်နယ်အနေနဲ့ ဖွံ့ဖြိုး တိုးတက်အောင် ကျွန်တော်တို့လည်း အားထုတ်ပါတယ်။ အခြားပြည်ထောင်စုဝန်ကြီးဌာနတွေကလည်း အားထုတ်တယ်။ အခြားပြည်ထောင်စုဝန်ကြီးဌာနဆိုတဲ့ နေရာမှာ (Environmental Conservation and Forestry Ministry)ကနေပြီးတော့ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖြစ်တဲ့ ဒီကနေ့ဆိုရင် UNWTO ကလည်း အတော်လေးကို Eco Tourism ကို ခေတ်စားပြီးတော့ ကမ္ဘာ့နိုင်ငံအသီးသီးကလည်း မိမိတို့ရဲ့ ရှိတဲ့ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးဖို့အတွက်ကို Eco Tourism Site ကို တော်တော်လေး အားပေးနေပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကတော့ ၁၉၉၇ ခုနှစ် ခေတ်အဆက်ဆက်သော အစိုးရတွေက ကြိုးပမ်းလာတဲ့အတွက် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း (၂၁)ခုဟာ ကျွန်တော်တို့ မားမား

မတ်မတ် ရပ်တည်လျက်ရှိပါတယ်။ ဒါကြောင့် နတ်မတောင် အမျိုးသားဥယျာဉ်ကလည်း ရှိနေတယ်။ ဒါကြောင့် ချင်းပြည်နယ်ဟာ မလွဲမသွေ တိုးတက်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ကန်ပက်လက်မှာ ဟိုတယ် (၃)လုံး ရှိပါတယ်။

ကျေးဇူးပြုပြီးတော့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ နောက်တစ်ခု ဒါ လောလော ဆယ် ကန်ပက်လက်မှာ တွေ့ရှိတာကို ပြည်ထောင်စုဝန်ကြီး ကနေပြီးတော့ ရိုက်ကူးထားတဲ့ပုံပါ။ နောက် ဟိုတယ်လေး ပြပါ။ ကျွန်တော်တို့ ချင်းပြည်နယ် မှာပါ။ အဲဒီတော့ ကျွန်တော်တို့ ဒီကနေ Policy ကျွန်တော်တို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနကတော့ စီးပွားရေးနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်ခြင်းမရှိတော့ပါဘူး။ ခေတ်အဆက်ဆက် ပြီးခဲ့တဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေး ကောင်စီလက်ထက်မှာ လက်ခံရရှိထားတဲ့ ဟိုတယ်တွေကိုသာ မပျက်မစီး မချို့မယွင်းရအောင် 3P နဲ့ပေါ့ နော် People၊ Public၊ Private ဆိုပြီးတော့ ကျွန်တော်တို့ 3P စနစ်နဲ့ ပြည်သူတွေကို လုပ်နိုင်ကိုင်နိုင် အောင် ကျွန်တော်တို့ Open Tender စနစ်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့် အခုက ပြောချင်တာကတော့ ပြည်ထောင်စုဝန်ကြီးကလည်း ချင်းပြည်နယ် ဝန်ကြီး ချုပ်နဲ့ အသေအချာ ဆွေးနွေးခဲ့ပါတယ်။ မိမိတို့ ပြည်နယ်မှာရှိတဲ့ ပြည်နယ်သူ / ပြည်နယ်သားတွေကနေ Entrepreneur စီးပွားရေး လုပ်ငန်းရှင်များအဖြစ် ရပ်တည်ပြီး ဘန်ဂလို Type လေးတွေ ခုနက ပြခဲ့တဲ့ ပုံလေးတွေမျိုး ကျွန်တော်တို့ ဆောင်ရွက်မယ်ဆိုရင် ဒီပုံဟာ Sky Palace Hotel ဖြစ်ပါတယ်။ ဒါက သူကတရားဝင်ကို ၂၀၁၄ ဒီဇင်ဘာလမှာ ကျွန်တော်တို့ဆီကနေလိုင်စင်ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ကျန်တဲ့ (၂)လုံးကတော့ စည်ပင်သာယာရဲ့ လိုင်စင်နဲ့ပဲ ဆောင်ရွက်နေပါတယ်။

ဒါကြောင့်မို့လို့ မိမိတို့ ဆောင်ရွက်ချင်တယ်ဆိုရင် ချင်းပြည်နယ်ဝန်ကြီးချုပ် ချင်းပြည်နယ် အစိုးရအဖွဲ့နဲ့ အေးအေးဆေးဆေး ညှိနှိုင်းပြီးတော့ မိမိတို့ ဆောင်ရွက်နိုင်တဲ့ အတိုင်းအတာနဲ့ ဆောင်ရွက် မယ်ဆိုရင် ချင်းပြည်နယ်ရဲ့ တိုးတက်မှုအချိန်နဲ့ မိမိတို့ ဆောင်ရွက်ထားတဲ့ လုပ်ငန်းပမာဏနဲ့ဟာ အောင်မြင်မှု ရရှိမှာဖြစ်တဲ့အကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိမှာတော့ Community Based Tourism မှာ အင်မတန်မှ (အင်ဆိုက်တာ ဖောင်ဒေးရှင်း) ရဲ့ စေတနာနဲ့ ကူညီပေးပြီး ဆောင်ရွက် ပေးထားတဲ့ ပုံစံဖြစ်တဲ့အတွက် သူ့ရဲ့ ရည်ညွှန်းချက်တွေ သူ မှီငြမ်းရမယ့် အချက်တွေဟာ အလွန်ပင် အကျိုးရှိမယ့်အကြောင်း ရှိပါတယ်။ ဒါကြောင့်မို့လို့ Community Based Tourism ကို စတင်ပြီးတော့ အခြေခံပြီး ဆောင်ရွက်သွားမယ်ဆိုရင်တော့ မေးခွန်းရှင်ရဲ့ လိုအင်ဆန္ဒတွေဟာ တစ်နေ့မှာမသွေ ဖြစ်လာ မယ်ဆိုတဲ့အကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်းနှစ်ခုလောက်မေးချင်ပါတယ်။ အခု ဒုတိယဝန်ကြီး ဖြေကြားချက်အရ ဆိုရင် Social Visa နဲ့ဝင်လာတဲ့ လူတွေကို ပြည်ထဲရေး မြို့နယ်အုပ်ချုပ်ရေးဆီမှာ ခွင့်ပြုချက်တောင်း ပြီးတော့ အိမ်တွေမှာ တည်းခိုခွင့် ပြုပါသလား၊ အဲဒါတွေကို တိတိကျကျလေး ပြည်သူလူထုတွေသိနိုင် အောင် လွှတ်တော်ကနေ တစ်ဆင့် မေးချင်ပါတယ်။ ပြီးတော့ ဒုတိယမေးခွန်းကတော့ အခု ကျွန်တော်တို့ တခြားနိုင်ငံမှာ သွားလို့ရှိရင်လည်း အိမ်တွေမှာတည်းခွင့်ရှိပါတယ်။ ဟိုတယ်တွေမှာသာမကပေါ့နော်။ ဆိုတော့ ကျွန်တော် တို့နိုင်ငံမှာ Home Stay ပေါ့။ အိမ်တွေမှာ တည်းခွင့် မရှိသေးတာဟာ ပြည်ထဲရေးရဲ့ ပေါ်လစီအရလား သို့မဟုတ် ဟိုတယ်နဲ့ ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနက ဆောင်ရွက်တဲ့

ပေါ်လစီ အရလား၊ မရရှိ သေးတာဟာ ဘယ်ဝန်ကြီးဌာနက ကိုင်တွယ်တဲ့ ပေါ်လစီအရလည်း ဆိုတာကို မေးချင်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဒေါက်တာတင်ရွှေ(ဒုတိယဝန်ကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဦးဇုန်လှယ်ထန်း ရဲ့ ထပ်ဆင့်မေးခွန်းကို ပြန်လည်ဖြေကြား သွားပါမယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ Social Visa ဟာ ကျွန်တော်တို့နိုင်ငံရဲ့ တရားဝင် Visa ဖြစ်ပါတယ်။ Social Visa နဲ့ မိမိတို့ဒေသ ရောက်တဲ့အခါမှာ ကျွန်တော်တို့ တစ်လောကဆိုရင် ရှမ်းပြည်နယ်မှာပေါ့။ ရှမ်းပြည်နယ်က အမျိုးသမီးနဲ့ မလေးရှားက နိုင်ငံသားနဲ့ အိမ်ထောင်ပြုကြတယ်၊ ပြုကြတဲ့အခါမှာ ရှမ်းအမျိုးသမီးတော့ မပါလာဘူး။ မလေးရှားနိုင်ငံသားက သူ့ရဲ့ ညီအစ်ကို မောင်နှမတွေကို ပြန်တွေ့ချင်တယ် ဆိုပြီးတော့ ရှမ်းပြည်နယ်ကို ရောက်လာပါတယ်။ ရောက်လာတဲ့အခါကျတော့ သူတို့နေအိမ်မှာပဲ တည်းကြပါတယ်။ တည်းပြီးတဲ့အခါမှာ ရုတ်တရက် နှလုံးရောဂါ ဖောက်တဲ့ အတွက် ဒီအမျိုးသားဟာ မလေးရှားအမျိုးသားဟာ ဆုံးပါးသွားပါတယ်။ ဒီရဲ့ သာဓကတွေ ရှိပါတယ်။ ဒါကြောင့်မို့လို့ Rule and Regulation ကို လိုက်နာ ပြီးတော့ Social Visa နဲ့ဝင်လာတယ်ဆိုရင်လည်း မိမိတို့ ရောက်ရှိတဲ့ဒေသမှာ သက်ဆိုင်ရာမြို့နယ် အေးချမ်းသာယာရေး ကောင်စီအဖွဲ့တွေမှာ သွားရောက် ပြီးတော့ ကျွန်တော်တို့ တင်ပြမယ်ဆိုရင် နေထိုင်ခွင့်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ခုနက သတ်မှတ် ချက်ကတော့ ကျွန်တော်တို့ ဟိုတယ်နဲ့ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက Visa ဆိုရင်လည်းပဲ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာနနဲ့ ပူးပေါင်းရ ပါတယ်။ လုံခြုံရေးကိစ္စဆိုရင်လည်း ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ပူးပေါင်းမှုက အားလုံး အခြေ တစ်ခုရရှိစေအောင် ဖန်တီးခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ စုပေါင်းပြီးတော့ ဆုံးဖြတ်ထားတဲ့ ဆုံးဖြတ်ချက်နဲ့ပဲ ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း လေးစားစွာ မေးခွန်းရှင်အား ဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၈ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၃ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၃။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်၊ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများ ရေးရာကော်မတီ၏ ၂၀၁၄-၂၀၁၅ ခုနှစ် တတိယသုံးလပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်၊ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှု စီမံကိန်းများ ရေးရာကော်မတီ၏ ၂၀၁၄-၂၀၁၅ ခုနှစ် တတိယ သုံးလပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၁၇။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော် စက်မှုဝန်ကြီးဌာနရဲ့ မြင်းခြံ ပင်းပက် သံမဏိစက်ရုံစီမံကိန်းနဲ့ပတ်သက်ပြီး ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြဒါးသေရင် တစ်ဆွေ၀ပေမယ့် သံသေ တစ်ပြည်၀ ဆိုတဲ့ ဆိုရိုးစကား ရှိပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံဟာ သံနဲ့သံမဏိ လုပ်ငန်းမှာတော့ များစွာအားနည်းခဲ့ပါတယ်။ ယခင် လမ်းစဉ်ပါတီအစိုးရခေတ်မှာ အင်းစိန် ရွာမသံမဏိ စက်ရုံနဲ့ မေမြို့သံမဏိစက်ရုံဆိုပြီး ရှိပါတယ်။ ဒါပေမဲ့ တိုင်းပြည်နဲ့စာရင် ဒီ သံမဏိစက်ရုံလေးက အသေးစားလေးပါ။ ပုဂ္ဂလိကမှာလည်း သံမဏိလုပ်ငန်းနဲ့ ပတ်သက်လို့ကလည်း တရုတ်အင်ဂျင်လေးတွေနဲ့ သံချောင်း အတိုအထွာလေးတွေ မီးဖုတ်ပြီး ဟိုဘက်ဒီဘက် ကြိတ်တာ လောက်ပဲ ရှိပါတယ်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံဟာ သံမဏိလောကမှာ တော်တော်ကြီးကို ခေတ်နောက်ကျခဲ့ပါတယ်။ ဒါပေမဲ့ တပ်မတော်အစိုးရလက်ထက်မှာတော့ သံမဏိလုပ်ငန်းနဲ့ပတ်သက်ပြီး စတင်အခြေချလာတာ တွေ့ရပါတယ်။ သက္ကရာဇ် ၂၀၀၀ ခုနှစ် မတိုင်ခင်မှာ အောင်လံမြို့ ဒုရင်ကဗိုလ် ဆိုတဲ့ ရွာမှာ Danail ကုမ္ပဏီနဲ့စပြီးတော့ ခေတ်မီသံမဏိစက်ရုံ လုပ်ငန်းတစ်ခု တည်ခဲ့ပါတယ်။ ဒီသံမဏိစက်ရုံက ဒေါ်လာသန်း (၅၀) လောက် တန်ပါတယ်။ ဒီသံမဏိစက်ရုံ ဖွင့်ပွဲကို အဲဒီမှာ နိုင်ငံတော် Head of State နဲ့ Chief of Army ကိုယ်တိုင်တက်ရောက် ဖွင့်လှစ်ပေးခဲ့တာ တွေ့ရပါတယ်။ ဒီသံမဏိစက်ရုံက ဒေါ်လာသန်း(၅၀) လောက်ပဲ ရှိပေမယ့် နောက် ဒုတိယ ခြေလှမ်းအဖြစ် မြင်းခြံမှာ US ဒေါ်လာ 1 Billion လောက်ရှိတဲ့ သံမဏိ Project တစ်ခုကို စတင်စီမံကိန်းချ အကောင်အထည်ဖော်ခဲ့ပါတယ်။

ဒီဟာဆိုလို့ရှိရင် အကြောင်းကြောင်းကြောင့် နှောင့်နှေးခဲ့ပြီးတော့ မြန်မာနိုင်ငံစီးပွားရေး ပိတ်ဆို့ မှုတွေလည်း အကြောင်းတစ်ချက်ပါတယ်ပေါ့နော် ပါ ပါတယ်။ အကြောင်းကြောင်းကြောင့် နှောင့်နှေးခဲ့ ပါတယ်။ နှောင့်နှေးခဲ့တာ ဒီစီမံကိန်း က ၂၀၀၀ ခုနှစ်ကနေ စတင်အကောင်အထည် ဖော်ပေမယ့် ဒီလက်ရှိ သမ္မတ ဦးသိန်းစိန် အစိုးရလက်ထက် တက်လာတဲ့ ၂၀၁၁ ခုနှစ်ထိအောင်က ပြီးပြတ်နိုင်ခြင်း မရှိခဲ့ပါဘူး။ တပ်မတော်အစိုးရလက်ထက်မှာတော့ နိုင်ငံတော်အစိုးရနဲ့ တပ်မတော်၊

နိုင်ငံပိုင် စီးပွားရေး အဖွဲ့အစည်းနဲ့ MEc ဆိုတာမျိုးက ကွဲပြားခြားနားခဲ့ခြင်း မရှိပါဘူး။ ဒါကြောင့် ဘတ်ဂျက် ကလည်း ရောနေပါတယ်။ ဒါပေမဲ့ ၂၀၁၁ သမ္မတ ဦးသိန်းစိန် လက်ထက်မှာတော့ MEc က သူ တည်ထောင်ခဲ့တဲ့ မြင်းခြံသံမဏိစက်ရုံ စီမံကိန်းမှာ သူ စိုက်ထားတဲ့ လျော်ကြေးငွေတွေကို နိုင်ငံတော် ဘတ်ဂျက်ကနေ ယူပြီးတော့ သံမဏိလောကကို နိုင်ငံတော် စက်မှုဝန်ကြီးဌာနကို လွှဲပြောင်းခဲ့ပါတယ်။ ဒါကြောင့် မြင်းခြံနဲ့ ပင်းပက် သံမဏိစက်ရုံ စီမံကိန်းက ၂၀၁၂ ခုနှစ် က ရှိပြီးတော့ ပြည်ထောင်စု လွှတ်တော်ရဲ့ ဘတ်ဂျက်ကနေပြီးတော့ ဆက်လက်အကောင်အထည်ဖော်နေခဲ့တာ ဒီနေ့ထိအောင် ဖြစ်ပါတယ်။ ဒါ သမိုင်းနောက်ခံ အကျဉ်းပါ ခင်ဗျား။

ဒုတိယအဆင့် ဆက်လက်တင်ပြမှာကတော့ ကျွန်တော်တို့ အခု လက်ရှိဆွေးနွေးမယ့် အမျိုးသားစီမံကိန်းနဲ့ ဖွံ့ဖြိုးမှုစီမံကိန်းရေးရာကော်မတီ ဟာ ဆိုလို့ရှိရင် စက်မှုဝန်ကြီးဌာန က အကောင် အထည်ဖော်နေတဲ့ မြင်းခြံပင်းပက် သံမဏိစက်ရုံစီမံကိန်းနဲ့ပတ်သက်လို့ သူ့ရဲ့ အစီရင်ခံစာက စာမျက်နှာ ၆ မှာ ဖော်ပြထားတာ တွေ့ရပါတယ်။ အဓိက အကျဉ်းချုပ်ကတော့ ဒီကော်မတီဟာဆိုလို့ရှိရင် ၂၆-၁၀-၂၀၁၄ ရက်နေ့က မြင်းခြံ သံမဏိစက်ရုံစီမံကိန်းကို သွားရောက်လေ့လာခဲ့တယ်။ ဒီစက်ရုံမှာ ဆိုလို့ ရှိရင်တစ်နှစ်ကို သံမဏိ တန်ချိန်(၂)သိန်းထွက် အောင် လျာထားပေမယ့် ထုတ်လုပ်နိုင်ခြင်းမရှိဘူး ဆိုတဲ့အကြောင်း ဖော်ပြထားပါတယ်။ ဒီစီမံကိန်းကြီးက US Dollar သန်း ၁၅၀၀ လောက် တန်တယ်။ အတိုး အရင်းတွေလည်း အရမ်းများနေပြီ။ စက်မှုဝန်ကြီးဌာနနဲ့ နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေကြောင်း သူတို့က ဖော်ပြထားပါတယ်။ သူ့ရဲ့နောက်ဆုံးအကျဉ်းချုပ်မှာတော့ ဒီဟာကြီးက နိုင်ငံတော်အတွက် အကျိုးမရှိသော စီမံကိန်းအဖြစ် တွေ့ရှိရပါတယ်ဆိုပြီးတော့ စာမျက်နှာ(၆)မှာ ဖော်ပြ ထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ လထဲမှာ ၂၀၁၅-၂၀၁၆ အမျိုးသားစီမံကိန်းဥပဒေကို ပြည်ထောင်စု လွှတ်တော်မှာ အစိုးရအဖွဲ့က တင်သွင်းတဲ့အခါမှာ စက်မှုဝန်ကြီးဌာနက မြင်းခြံ ပင်းပက် သံမဏိစက်ရုံ စီမံကိန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့တာ ကျွန်တော် ကြားခဲ့ရပါတယ်။ ဒီနေရာမှာ ဝန်ကြီးက ဘာပြောလဲဆိုရင် မြင်းခြံသံမဏိစက်ရုံ စီမံကိန်းက ရပ်ထားရပါတယ်။ ဘာကြောင့်ရပ်ထားလဲ မေးတဲ့ အခါမှာ မြင်းခြံသံမဏိစက်ရုံက သံကိုအဆင့်မြင့်တဲ့စီမံကိန်း၊ အဲဒီတော့သံမဏိကုန်ကြမ်းကို သူက နိုင်ငံခြားကနေ မှာတဲ့အခါမှာ တစ်တန် ဒေါ်လာ (၆၀၀)လောက် ကျတယ်။ ဒီဒေါ်လာ (၆၀၀)လောက်ကို ရန်ကုန် ကနေ မြင်းခြံကို သယ်တယ်။ ကုန်ချောကို မြင်းခြံကနေ တစ်ခါ ရန်ကုန်ကို ပြန်သယ်တယ်။ Transport Charges တွေ၊ နောက် ဝယ်ယူထားတဲ့ဈေးကလည်း ဒေါ်လာ (၆၀၀)ဖြစ်တဲ့အတွက် ဒီဟာ ဆိုလို့ရှိရင် ဈေးကွက်ကို ယှဉ်ပြိုင်နိုင်စွမ်း မရှိဘူး။ အရှုံးပေါ်နေတဲ့အတွက် မြင်းခြံ သံမဏိစက်ရုံ စီမံကိန်း က ရပ်ဆိုင်းထားရတယ်လို့ ဝန်ကြီးက ဖြေပါတယ်။ ဒီဟာရဲ့ ထွက်ပေါက်အဖြစ်က သံမဏိကုန်ကြမ်းကို နိုင်ငံခြား ကနေ ဝယ်ရမယ့်အစား ပင်းပက်မှာ သူတို့ စက်ရုံတစ်ခုတည်နေပါတယ်။ ဒီစက်ရုံကနေပြီးတော့ သံမဏိကုန်ကြမ်း ထွက်လာလို့ရှိရင် မြင်းခြံအတွက် အထောက်အကူ ဖြစ်မယ်ဆိုတဲ့သဘောကို ရှင်းပါတယ်။ အဲဒီတော့ သူကလည်း တစ်ခါ မြင်းခြံပင်းပက်သံမဏိစက်ရုံစီမံကိန်းက ထွက်တဲ့ သံမဏိတွေဟာဆိုရင် တစ်တန်ကို ဒေါ်လာ (၄၀၀)လောက်ပေါ့။ သူတို့အပြင်ကနေ ဝယ်တဲ့အခါမှာ ကမ္ဘာ့ပေါက်ဈေးက ဒေါ်လာ (၆၀၀) လောက်ရှိမှ သူတို့ ပင်းပက်သံမဏိစက်ရုံက ကုန်ကြမ်းကဆိုရင် ဒေါ်လာ(၄၀၀)လောက်ပဲ သူတို့ ရမယ် ဆိုတဲ့အတွက် မျှော်လင့်ချက် မက်လုံးကိုပြောပြပါတယ်။

တစ်နည်းအားဖြင့်တော့ ဒေါ်လာ(၄၀၀)လောက်နဲ့ ဒေါ်လာ (၆၀၀)လောက် ပေါက်ဈေးက တစ်တန်ကို ဒေါ်လာ(၂၀၀)လောက် ကွာတယ်ဆိုတာ တော်တော်ကြီးကို ကွာခြားမှုပါ။ ဒီပုံစံတိုင်းဆိုလို့ ရှိရင် ပင်းပက် ကထုတ်တဲ့ သံမဏိ ရတော့မှသာ မြင်းခြံစက်ရုံစီမံကိန်းက လည်ပတ်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီတော့ ဝန်ကြီးက ဆက်လက်တင်ပြသွားတာက ၂၀၁၅ ဘတ်ဂျက်မှာ ပင်းပက်သံမဏိစက်ရုံ စီမံကိန်း က ပြီးစီးပါမယ်။ စတင်လည်ပတ်နိုင်ပါမယ် ဆိုပြီးတော့ ဝန်ကြီးက တင်ပြသွားပါတယ်။ ဒီ ၂၀၁၅-၂၀၁၆ အမျိုးသား စီမံကိန်းဥပဒေကြမ်းကော်မတီကို အမျိုးသားစီမံကိန်းနဲ့ပတ်သက်လို့ ဥပဒေကြမ်း ပူးပေါင်းကော်မတီ က နေပြီးတော့ အစီရင်ခံစာတစ်ခုကို ပြည်ထောင်စုလွှတ်တော်ကို တင်သွင်းပါတယ်။ ဒီအစီရင်ခံစာရဲ့ စာမျက်နှာ ၉၂ မှာ ပင်းပက်သံမဏိစက်ရုံစီမံကိန်းနဲ့ ပတ်သက်လို့ ဒီလိုဖော်ပြထား ပါတယ်။ ပင်းပက် သံမဏိစက်ရုံစီမံကိန်းက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရာခိုင်နှုန်းပြည့်ပြီးစီးမယ်၊ ပြီးစီးတဲ့အခါမှာ စက်ရုံစတင် လည်ပတ်မယ်။ လည်ပတ်တဲ့အခါမှာ စက်ရုံရဲ့ လည်ပတ်မှုနှုန်း အရှုံး အမြတ်နဲ့ မြင်းခြံတို့၊ ပင်းပက်တို့၊ သံမဏိစက်ရုံစီမံကိန်းရဲ့ အတိုးအရင်းပမာဏတွေ၊ ပြန်ဆပ်ရမယ့် ကာလတွေကို ပြည်ထောင်စုလွှတ်တော် မှာ အမြန်ဆုံး တင်သွင်းဖို့အတွက် သူက အစီရင်ခံစာထဲမှာ ဖော်ပြထားတာ တွေ့ရပါတယ်။

ဆက်လက်တင်ပြချင်တာကတော့ ကျွန်တော်တို့ ၂၄-၂-၂၀၁၅ ရက်နေ့မှာ စက်မှုဝန်ကြီး ဌာန ကနေပြီးတော့ ပြည်ထောင်စုလွှတ်တော်မှာ ရွှေစက်မှုဂျာနယ်ဆိုပြီးတော့ ဂျာနယ်တစ်ခုကို ဖြန့်ဝေပါတယ်။ ဒီဂျာနယ်ထဲမှာဆိုလို့ရှိရင် သူက ဂျာနယ်ရဲ့ မျက်နှာဖုံးမှာ ပင်းပက် မြင်းခြံ သံမဏိစက်ရုံ စီမံကိန်း ကို လွှတ်တော်ကိုယ်စားလှယ်တွေ သွားရောက်လေ့လာနေတဲ့ ပုံကို ဖော်ပြထားပြီး အထဲမှာ ဆိုလို့ရှိရင် ဝန်ကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးတဲ့ပုံကိုလည်း အကြောင်းအရာ ဖော်ပြထားပါတယ်။ ဒီဂျာနယ်မှာ ဖော်ပြထားတဲ့အခါမှာ ၇-၂-၂၀၁၅ ရက်နေ့မှာ လွှတ်တော်ကိုယ်စားလှယ်တွေအဖွဲ့နဲ့ (ပင်းပက်)ကိုခေါ်ပြီးတော့ ရှင်းလင်းမှုတွေ လုပ်ခဲ့တယ်ဆိုတာ ပြပါတယ်။ ဒီကိုယ်စားလှယ်တွေထဲမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေနဲ့အတူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေအဖြစ် ဦးအောင်ချစ်လွင်၊ ဦးဌေးယိန်း နဲ့ ဦးထွန်းမြင့် တို့ပါဝင်ကြောင်း ဖော်ပြထားပါတယ်။

ရှင်းလင်းဆောင်မှာ စက်မှုဝန်ကြီး ဦးမောင်မြင့် က ပင်းပက် သံမဏိစက်ရုံမှာ ရုရှား နည်း ပညာနဲ့ သူတို့ထုတ်လုပ်မယ်ဆိုတဲ့အကြောင်း၊ တစ်နှစ်ကို တန်ချိန် (၂)သိန်း ထွက်မယ်ဆိုတဲ့အကြောင်း နောက် မြင်းခြံသံမဏိစက်ရုံအတွက် သံ၊ သတ္တုရိုင်းတန်ချိန်ကလည်း (၄)သိန်းခွဲလောက် ထွက်မယ် ဆိုတဲ့အကြောင်း၊ စက်ရုံကြီး တကယ်လည်ပတ်တဲ့အခါမှာ ဘိလပ်မြေ လုပ်တဲ့အခါမှာ သုံးနေရတဲ့ ဂေါတန်ကျောက်တွေမှာ အစားထိုးနိုင်တဲ့ Slag မျိုးဟာ တန်ချိန်(၂၈၀၀၀၀)လောက် ထွက်မယ် ဆိုတဲ့အကြောင်းနဲ့ နောက်ပြီးတော့ ဒီစက်ရုံကို တကယ်လည်ပတ်တဲ့အခါမှာ စွန့်ပစ်အပူကနေပြီးတော့ လျှပ်စစ်ဓာတ်အား (၄၀)မဂ္ဂါဝပ် ထွက်မယ်။ စက်ရုံအတွက် (၂၅)မဂ္ဂါဝပ် သုံးပြီးတော့ ပိုလျှံတဲ့ (၁၅) မဂ္ဂါဝပ်ကို (National Grid) ထဲကို ထည့်ပေးမယ်ဆိုတဲ့အကြောင်းပေါ့။ သားရွှေအိုး ထမ်းလာတဲ့ စီမံကိန်းတွေ သဘောမျိုး သူက ရှင်းပြပါတယ်။

တစ်နည်းအားဖြင့် ဆိုလို့ရှိရင်တော့ ဝန်ကြီးက မြင်းခြံသံမဏိစက်ရုံစီမံကိန်းအတွက်က ရပ်ထားနေရတဲ့ မြင်းခြံသံမဏိစက်ရုံစီမံကိန်းအတွက် (ပင်းပက်)စက်ရုံဟာ မရှိမဖြစ် စီမံကိန်း ဖြစ်ကြောင်း၊ ဒီပင်းပက်စက်ရုံစီမံကိန်းက စီးပွားရေးအရ တွက်ခြေကိုက်မယ် ဖြစ်ကြောင်းကိုလည်း

အကျယ်တဝင့် ရှင်းလင်းပြတာကို ဒီဂျာနယ်ထဲမှာ ဖော်ပြထားပါတယ်။ ဝန်ကြီးရှင်းလင်းပြတဲ့အခါ မှာလည်း လွှတ်တော်ကိုယ်စားလှယ်တွေကို အဓိကခေါ်ပြီး ရှင်းလင်းနေတာကို ဂျာနယ်မှာ ဖော်ပြထား ပါတယ်။

နောက် ကျွန်တော်တို့ ၂၆-၂-၂၀၁၅ ရက်နေ့မှာ ကျင်းပတဲ့ ပြည်ထောင်စုလွှတ်တော်မှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ဥပဒေကြမ်းနဲ့ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်တွေ ဆွေးနွေးတဲ့အခါမှာ ပင်းပက် သံမဏိစက်ရုံ စီမံကိန်းကို သွားရောက်လေ့လာခဲ့တဲ့ ဇမ္ဗူသီရိက ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက ပင်းပက် စက်ရုံစီမံကိန်းနဲ့ ပတ်သက်တာကို ပြည်ထောင်စု လွှတ်တော်မှာ ရှင်းလင်းတာကို ကျွန်တော် နားထောင်ခဲ့ရပါတယ်။ သူ့ရဲ့ ရှင်းလင်းချက်ကတော့ ပင်းပက် စက်ရုံစီမံကိန်းဟာ ၂၀၁၅-၂၀၁၆ မှာ မြန်မာငွေ (၃၈)ဘီလီယံလောက် သုံးထားတဲ့အကြောင်းကြောင့် ၂၀၁၅ ခုနှစ်မှာ ပြီးမယ်ဆိုတဲ့အကြောင်းနဲ့ သံမဏိတန်ချိန် (၂)သိန်း ထွက်မယ်ဆိုတဲ့အကြောင်း ဖော်ပြ ပါတယ်။ သူ့ရဲ့တင်ပြချက်ကတော့ ပင်းပက်ကတော့ တွက်ခြေကိုက်မှုရှိမယ် ဆိုတဲ့အကြောင်းကိုလည်း သူက တစ်ပါတည်း ရှင်းလင်းသွားပါတယ်။

ဒါပေမဲ့ မြင်းခြံသံမဏိစက်ရုံ စီမံကိန်းကတော့ အဲဒီ ပင်းပက် က ထွက်တာရော၊ လက်ရှိ ထွက်တာရော ပေါင်းမှ တစ်နှစ်ကို တန်ချိန် (၄)သိန်းလောက်ပဲ ထွက်မယ်။ တစ်နည်းအားဖြင့် မြင်းခြံ သံမဏိစက်ရုံစီမံကိန်းရဲ့ Capacity က တစ်နှစ်ကို တန်ချိန်(၁၂)သိန်းလောက်ထွက်မှ စက်ရုံက ဒီ Power က Full Power ရမယ်။ (၄)သိန်းပဲ ထုတ်မယ်ဆိုလို့ရှိရင်တော့ ရရှိမယ့်အမြတ်က အတိုး အရင်းအတွက် အမြတ်ကိုတောင်မှ မကာမိဘူးဆိုတဲ့အကြောင်းကို သူက ရှင်းပြသွားပါတယ်။ ဒါပေမဲ့ တစ်ချိန်မှာတော့ Full Capacity အပြည့် (၁၂)သိန်းထွက်မယ် ဆိုနိုင်တဲ့ အခြေအနေမျိုးကတော့ စက်ပစ္စည်းတွေ ရောက်ရှိ နေကြောင်းကို သူလွှတ်တော်မှာ တင်ပြသွားတာ တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်တင်ပြချင်တာကတော့ မြင်းခြံတို့၊ ပင်းပက်တို့ သံမဏိစက်ရုံ စီမံကိန်းတွေဟာ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် လက်ထက်မှာ စတင်အကောင်အထည် ဖော်ခဲ့တဲ့ စီမံကိန်းတွေ မဟုတ်ပါဘူး။ ယခင် တပ်မတော်အစိုးရလက်ထက်ကနေပြီးတော့ သူတို့လုပ်ခဲ့တဲ့ စီမံကိန်းတွေ ဖြစ်ပါတယ်။ တပ်မတော်ကနေ ဒီအထိ။ အဲဒီခေတ်က တပ်မတော်ခေါင်းဆောင်တွေက ဘာတွေနဲ့ပတ်သက်ပြီးတော့ အဓိကစဉ်းစားထားတာ တွေ့ရသလဲဆိုလို့ရှိရင် နိုင်ငံတစ်ခုရဲ့ ဖွံ့ဖြိုး တိုးတက်မှုဟာ လူတစ်ဦးချင်းရဲ့ ဘိလပ်မြေ သုံးစွဲမှု၊ သံမဏိ သုံးစွဲမှုပေါ်မှာ မူတည်တယ်။ လူတစ်ဦးချင်း စီဟာ ဘိလပ်မြေ၊ သံမဏိ သုံးစွဲမှုနှုန်း လျော့ကျနေတယ်ဆိုရင် နိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှု ရှိတယ်လို့ ပြောလို့မရဘူးပေါ့နော်။ ဒါကတော့ ကမ္ဘာ့ရဲ့ စံတစ်ခုအဖြစ် လက်ခံထားတာပါ။

မြန်မာနိုင်ငံဟာလည်း တစ်ချိန်တုန်းက ဘိလပ်မြေဟာဆိုလို့ရှိရင် သုံးစွဲနိုင်မှုနှုန်း တော်တော် လျော့ပါတယ်။ တစ်နည်းအားဖြင့် ဘိလပ်မြေဆိုတာ ရှားပါးပစ္စည်း၊ အတုပစ္စည်း၊ ဘိလပ်မြေ အိတ်လျော့ ပစ္စည်းတွေ၊ အိတ်လျော့တဲ့အခြေအနေမျိုးတောင် ဖြစ်ခဲ့ပါတယ်။ တစ်နည်းအားဖြင့်ဆိုလို့ရှိရင် အဲဒီအချိန် တုန်းက ရန်ကုန်မြို့မှာ ကန်ထရိုက်လောကတွေ၊ အရေးအခင်းပြီးကာလ ကန်ထရိုက်လောကတွေ၊ ခေတ်စားတဲ့ အချိန်မှာဆိုလို့ရှိရင် ဘိလပ်မြေ ဈေးကြီးတဲ့အတွက် ကန်ထရိုက်လောကမှာ သဲဟာရှင် တို့ဆိုတာ နာမည်တစ်လုံးတောင် ဖြစ်ခဲ့ပါတယ်။ တိုက်တွေပြိုကျတဲ့ နောက်ပိုင်းမှာသာ စည်ပင်သာယာ ကနေ ကန့်ကွက်တာတွေ ကျွန်တော် တွေ့ရပါတယ်။ ဒါပေမဲ့ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းကနေ

ဘိလပ်မြေစက်ရုံ တစ်ခုကို မြိုင်ကလေးမှာ စပြီး တည်ပါတယ်။ တည်တာ ခေတ်မီနည်းပညာအမြင့်နဲ့ တည်တာပါ။ Production လည်းမြင့်တယ်။ နည်းပညာလည်း မြင့်တဲ့အတွက် ဒီစက်ရုံကနေထွက်လာတဲ့ ဘိလပ်မြေကြောင့် နိုင်ငံတော်ကလည်း ဘိလပ်မြေနဲ့ ပတ်သက်လို အတုတွေ၊ အိတ်လျှော့တာတွေ၊ ဈေးအလွန်ကြီးမြင့်တာတွေ အထိုက်အလျောက် လျှော့သွားပါတယ်။ ဒါပေမဲ့ လက်ရှိအချိန်မှာ ဒီဘိလပ်မြေစက်ရုံတစ်ခုတည်းက ထွက်တာနဲ့လည်း နိုင်ငံတော်က Recover မဖြစ်သေးပါဘူး။

ဒါကြောင့် ဘိလပ်မြေက နိုင်ငံတကာ ဈေးနဲ့စာလို့ရှိရင် နိုင်ငံတကာမှာ တစ်အိတ်ကို (၃၀၀၀) လောက်ပေါက်နေတဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံမှာ ဘိလပ်မြေတစ်အိတ်ကို (၆၀၀၀) လောက်အထိ အောင်၊ နယ်တွေမှာ (၇၀၀၀) လောက်အထိအောင် သုံးစွဲနေရတုန်း ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဘိလပ်မြေ အသုံးနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ အားနည်းချက်ရှိပါတယ်။ အဲဒီတော့ သံမဏိနဲ့ ပတ်သက်လို့ လုပ်ငန်းကိုလည်း မူလတင်ပြတဲ့အတိုင်း အားနည်းချက်ရှိတဲ့အတွက် တပ်မတော်အစိုးရ လက်ထက်မှာ သူတို့သံမဏိစက်ရုံစီမံကိန်းကို စပြီးတော့ အကောင်အထည်ဖော်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီတော့ သံမဏိစက်ရုံစီမံကိန်းနဲ့ပတ်သက်လို့ စတင်ပြီး အကောင်အထည်ဖော်ခဲ့တဲ့အခါမှာ ပထမဦးဆုံး သူတို့လက်တွဲတဲ့လူကိုက အီတလီက Danail ကုမ္ပဏီ ဖြစ်ပါတယ်။ အဲဒီ အီတလီက Danail ကုမ္ပဏီ ဆိုတာက ကမ္ဘာ့သံမဏိလောကမှာ ဆိုလို့ရှိရင် အထင်ကရ ကုမ္ပဏီပါ။ ကျွန်တော် ဥပမာ အဖြစ် တင်ပြမယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံမှာ ကနောင်မင်းသားကြီးတို့ လက်ထက်မှာ ဥရောပကိုသွားပြီး သံမဏိတွေ သွားပြီး လုပ်ငန်းလေ့လာတဲ့အခါမှာပဲ အဲဒီ Danail ကုမ္ပဏီ မှာ ၁၈၈၀ ခုနှစ်ကျော်လောက် ကတည်းက သူတို့ကုမ္ပဏီက ရှိနေပြီးတော့ သံမဏိလုပ်ငန်းတွေ စတင်လုပ်ကိုင်နေပြီ ဖြစ်ပါတယ်။ အဲဒီ နည်းပညာအခြေအနေဖြစ်ပေမယ့် ဒီနောက်ပိုင်းနည်းပညာတွေကျတော့ ကွန်ပျူတာ PLC Control နဲ့ သံမဏိလောကကို ကမ္ဘာပေါ် မှာ တကယ့် ဆရာကြီး၊ သမားကြီးသဖွယ် ရပ်တည်နေတဲ့ကုမ္ပဏီဖြစ်ပါတယ်။

ဒါပေမဲ့ သံမဏိလောကနဲ့ပတ်သက်လို့ မြန်မာနိုင်ငံဟာဆိုရင် အီတလီ၊ ထိုင်းဖြစ်တဲ့ Danail ကုမ္ပဏီနဲ့ စတင်ပြီး လုပ်ခဲ့ပေမယ့် ဘာဖြစ်သလဲဆိုလို့ရှိရင် လက်ရှိမြန်မာနိုင်ငံရဲ့ သံမဏိ ကုန်ကြမ်း ဟာ သူတို့ပြောသလိုပေါ့နော်။ Danail ကုမ္ပဏီရဲ့ ပုံမှန်နည်းပညာနဲ့လုပ်မယ်ဆိုလို့ရှိရင် ထွက်ရှိလာတဲ့ ကုန်ကြမ်းဟာ ကမ္ဘာ့ဈေးကွက်ကို မယှဉ်နိုင်ပါဘူးပေါ့။ မယှဉ်နိုင်တဲ့အတွက် ဒန်နီရယ်ကုမ္ပဏီမှာ ဒီသံမဏိ ကုန်ကြမ်းကို သံစိမ်း ထွက်တဲ့ Process ကို သူတို့လုပ်လို့ မရဘူး။ ဈေးကွက်အရ မယှဉ်ပြိုင်နိုင်ဘူး ဆိုတဲ့အနေနဲ့ ဒီဟာ အချိန် ကာလ Danail ကုမ္ပဏီက တန့်သွားပါတယ်။ အဲဒီအချိန်မှာ MEC ဘက်က တာဝန်ရှိတဲ့လူတွေက ကမ္ဘာကို ပတ်ရှာတဲ့အခါမှာ ရုရှားနည်းပညာကို သွားတွေ့ပါတယ်။ ရုရှားနည်းပညာ မှာဆိုလို့ရှိရင် မြန်မာ နိုင်ငံရဲ့ သံမဏိကုန်ကြမ်းကို သူတို့ထွက်အောင် လုပ်နိုင်တယ်။ လုပ်နိုင်တဲ့အခါ မှာလည်း ကမ္ဘာ့ဈေးကွက် ကို မီအောင်လုပ်နိုင်တယ်ဆိုတာမျိုး ပြောပါတယ်။

စက်မှုဝန်ကြီး ဦးမောင်မြင့် က ပြည်ထောင်စုလွှတ်တော်မှာ ပြောတဲ့အခါမှာ ရုရှား နည်းပညာရှင် ပုဂ္ဂိုလ်ကြီးဟာ အသက် ၈၀ ကျော် ရှိပါပြီတဲ့။ မသေသေးပါဘူးပေါ့နော်။ သူ့နည်းပညာက ကမ္ဘာမှာ အောင်မြင်နေပါတယ်။ သူကိုယ်တိုင်လည်း သက်ရှိထင်ရှား ရှိနေပါတယ်ပေါ့နော်။ ဒီနည်းပညာနဲ့ သူလုပ် မှာပါဆိုတဲ့အကြောင်း၊ ပင်းပက်မှာ လုပ်မှာဆိုတဲ့အကြောင်းကို သူက ယုံယုံကြည်ကြည်နဲ့ ပြောသွားတာ ကျွန်တော် တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်နည်းအားဖြင့်ပေါ့နော်။ ကျွန်တော်တို့ ဒီသံမဏိစက်ရုံ စီမံကိန်းကြီးဟာ အခုနက ကော်မတီရဲ့အစီရင်ခံစာတွေ့သလိုမျိုး နိုင်ငံတော်အတွက် အကျိုးမရှိတဲ့ စီမံကိန်းဖြစ်မယ် ဆိုလို့ရှိရင်၊ ဘာအကျိုးဆက်တွေဖြစ်မလဲဆိုလို့ရှိရင် ဒီစီမံကိန်းဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၁၀)နှစ်ကျော်က နေပြီးတော့ အစပျိုးလာတဲ့ စီမံကိန်းပါ။ US ဒေါ်လာ သန်း (၁၅၀၀) ကျော်လောက် ရင်းနှီးမြှုပ်နှံပြီးပါပြီ။ မြန်မာငွေဆိုလို့ရှိရင်လည်း ဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံပြီးပါပြီ။ လူများစွာကိုလည်း အလုပ်အကိုင် အခွင့်အလမ်းအဖြစ် ပေးထားနေပါပြီပေါ့နော်။ ဒါက အကယ်၍သာ မအောင်မြင်ဘူးဆိုလို့ရှိရင် ကမ္ဘာ့ ဈေးကွက်ကို ဈေးကွက်စီးပွားရေးအရ ယှဉ်ပြိုင်နိုင်စွမ်း မရှိတော့ဘူးဆိုလို့ရှိရင် အဲဒီ ဒေါ်လာ သန်း (၁၅၀၀) က ကျွန်တော်တို့တိုင်းပြည်အတွက် အကြွေးဝန်ထုပ်ဝန်ပိုး ဖြစ်မှာပါ။ စက်ရုံတည်ဆောက်စဉ် စရိတ် မြန်မာငွေဘီလီယံပေါင်းများစွာကလည်း ရေစုန်မျှောရမှာပါ။ နောက် မြန်မာအလုပ်သမားအများစု တော်တော်များများကိုလည်း အလုပ်အကိုင် ရပ်စဲမယ့်သဘောတွေ ဖြစ်နေပါပြီ။ တစ်နည်းအားဖြင့် ဆိုလို့ရှိရင်တော့ ဒီစက်ရုံကြီးဟာ မအောင်မြင်ဘူး ဆိုလို့ရှိရင်တော့ နိုင်ငံအတွက် ကြီးစွာသော ဝန်ထုပ် ဝန်ပိုးဖြစ်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ စက်မှုဝန်ကြီးဌာန ဝန်ကြီးရော၊ စက်ရုံအကြောင်းကို လေ့လာခဲ့တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ရော ဒီပင်းပက်နဲ့ပတ်သက်လို့ မျှော်လင့်ချက်အပြည့်အဝ ရှိကြောင်း၊ ယုံကြည်မှု အပြည့်အဝရှိကြောင်း ပြည်ထောင်စုလွှတ်တော်မှာ ပြောကြားသွားတာ တွေ့ရပါတယ်။

အဲဒီတော့ ကျွန်တော်ကတော့ အကယ်၍ ဒီဟာနဲ့ပတ်သက်လို့ ဒီပင်းပက်က အောင်မြင်မှု ရှိ/မရှိ ဆိုတာမျိုးက ၂၀၁၅ ခုနှစ်အကုန်မှာ သိရမှာပါ။ တစ်နည်းအားဖြင့် ဒီစက်ရုံစီမံကိန်းကြီး၊ မြင်းခြံနဲ့ ပင်းပက် စက်ရုံ စီမံကိန်းကြီးဟာ လက်ရှိသမ္မတဦးသိန်းစိန် ရဲ့ စီမံကိန်းဖြစ်ပေမယ့် သူနဂို အစပြုခဲ့တဲ့ Blue Print လုပ်ခဲ့တာကတော့ အရင်တပ်မတော်အစိုးရ ခေါင်းစဉ်တွေပါ။ ဒီစီမံကိန်းကြီး အောင်မြင်မယ်/ မအောင်မြင်ဘူးဆိုတာကတော့ သူတို့လည်း စိတ်ဝင်စားမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ မအောင်မြင် ဘူး ဆိုလို့ရှိရင်တော့ သူတို့အတွက် သမိုင်းမှတ်တိုင် တစ်ခု ဖြစ်သလို အောင်မြင်မယ်ဆိုလို့ရှိရင်လည်း လက်ရှိသမ္မတအစိုးရနဲ့ အရင်တပ်မတော်အစိုးရအတွက် မှတ်တိုင်တစ်ခု ဖြစ်မှာပါ။

အဲဒီတော့ ကော်မတီရဲ့အစီရင်ခံစာအရ မျှော်လင့်ချက်မရှိကြောင်း ကျွန်တော် တင်ပြထားတာ တွေ့ပါတယ်။ ကျွန်တော်ကတော့ ဒီစီမံကိန်းကြီးကို မျှော်လင့်ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ဘယ်လို အဖြေ ထွက်မလဲ။ ဒီအဖြေဟာ တိုင်းပြည်အတွက် ပြဒါးသေ တစ်ဆေ့ဝ၊ သံသေ တစ်ပြည်ဝ လို ကျွန်တော်တို့ တိုင်းပြည်အတွက် အကျိုးရှိမယ့် စီမံကိန်းဖြစ်မယ်လို့လည်း ကျွန်တော် မျှော်လင့်ချင်ပါတယ် ခင်ဗျား။

တစ်နည်းအားဖြင့် ဆိုလို့ရှိရင်တော့ ဒီပင်းပက်စက်ရုံ စီမံကိန်းကြီးဟာ ၂၀၁၅ ခုနှစ်မှာ အောင်မြင်ခဲ့မယ်ဆိုလို့ရှိရင် ဒါဟာ မြန်မာနိုင်ငံရဲ့ သံမဏိလောကအတွက် ၂၀၁၅ ခုနှစ် Window တစ်ခု ဖြစ်မှာပါပဲ။ ဒီစီမံကိန်းကြီးသာ အကောင်အထည် အောင်မြင်လာလို့ရှိရင် နောက်ထပ် ရင်းနှီး မြှုပ်နှံမှုတွေ၊ နိုင်ငံခြားရော၊ ပြည်တွင်းပြည်ပရော တစ်ဟုန်ထိုး ဝင်ပြီးလို့ရှိရင် မြန်မာနိုင်ငံဟာ သံမဏိ လောကအတွက် တံခါးတစ်ချပ် စပြီးပွင့်သွားမယ်လို့ ကျွန်တော် ယုံကြည်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၃၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၃၂။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာလို့ နှုတ်ခွန်းဆက်သ လိုက်ပါတယ်။ ကျွန်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းရေးရာကော်မတီ၏ ၂၀၁၄ - ၂၀၁၅ ခုနှစ်၊ တတိယလပတ်လုံးအထိ လုပ်ငန်းဆောင်ရွက်မှု အစီအရင်ခံစာများကို ထောက်ခံဆွေးနွေး ပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကိစ္စဟာ ချင်းပြည်နယ်ကို အခြေခံပြီးတော့ ဆွေးနွေးရမယ် ဖြစ်ပါသော်လည်း အခြားတိုင်းနှင့် ပြည်နယ် ဒေသအသီးသီး၌ ဖြစ်တတ်တဲ့ကိစ္စများ ဖြစ်တဲ့အတွက် အားလုံး ခြုံငုံပြီး ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အရင်က ဥက္ကဋ္ဌကြီးက ဓာတ်ပုံနှင့်တကွ တင်ပြပါလို့ တင်ပြပြီးတော့ ရေးပါလို့ ပြောသော်လည်း ကျွန်တော်က အဲဒီတုန်းက အချိန်မရှိတာကတစ်ကြောင်း၊ နောက် တစ်ကြောင်းက အဲဒီလို လုပ်ဆောင်ခြင်းသည် တိုင်တန်းတဲ့သဘော သက်ရောက်တဲ့အပြင် အခုလို လွှတ်တော်မှာ ပွင့်ပွင့်လင်းလင်း ဆွေးနွေးခြင်းဟာ ပိုမိုအပြုသဘောဆောင်မယ်လို့ ယူဆတဲ့အတွက် ဤကဲ့သို့ ဆွေးနွေးခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်က တိုင်းဒေသကြီးနှင့် ပြည်နယ်များအား အချိုးညီညီ တိုးတက်ဖွံ့ဖြိုးစေရန် နိုင်ငံတော်ဘဏ္ဍာငွေများကို အသုံးပြုလျက် ရှိသည်ကို တွေ့ရမှာဖြစ်ပါတယ်။ ကဏ္ဍအလိုက် လုပ်ငန်းများကို လုပ်ကိုင်ရန်အတွက် ပြည်ထောင်စုအစိုးရကသော်လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများက သော်လည်းကောင်း တင်ဒါခေါ်၍ တင်ဒါစနစ်ဖြင့် ကုမ္ပဏီနှင့် ကန်ထရိုက်ရရှိသူများကို ကြီးကြပ်လျက် ရှိပါတယ်။ သို့သော် လုပ်ငန်းရရှိထားသော ကုမ္ပဏီနှင့် ကန်ထရိုက်တာများသည် လုပ်ငန်းအတွက် သတ်မှတ်ချုပ်ဆိုထားသော စာချုပ်ပါ စံချိန်စံညွှန်းအတိုင်း လုပ်ဆောင် ဆောင်ရွက်ခြင်း မရှိသည့် အပြင် လုပ်ငန်းပြီးစီးမှု မရှိဘဲ လုပ်ငန်းပြီးစီးပြီးကြောင်း အကြောင်းကို သက်ဆိုင်ရာသို့ အစီရင်ခံစာများ ရေးတတ်ကြပြီး အချို့လုပ်ငန်းရှင်များ ရှိတတ်သည်ကို တွေ့ရမှာဖြစ်ပါတယ်။

အစိုးရက ဖွဲ့စည်းထားသော မြို့နယ်လုပ်ငန်းစိစစ်ရေးရုံး၊ ပြည်နယ်လုပ်ငန်းစိစစ်ရေးရုံးနှင့် စိစစ်ရေးအဖွဲ့များ ရှိသော်လည်း စိစစ်မှုအားနည်းနေကြောင်း လေ့လာသိရှိရပါတယ်။ အားနည်းချက် အချို့များကို Power Point ဖြင့်ပြသခွင့်ပြုပါရန် ဥက္ကဋ္ဌ အား ပန်ကြားအပ်ပါတယ်။ Power Point ဖွင့်ပြပေးပါ။

အဲဒါကတော့ ကျွန်တော်တို့ မကွေးတိုင်းနဲ့ ဂန့်ဂေါမြို့နယ်နဲ့ ချင်းပြည်ကို ဆက်သွယ်တဲ့ ရေဇွာလမ်းကို ဆက်သွယ်တဲ့ ပြည်ထောင်စုလမ်းမကြီး ဖြစ်ပါတယ်။ အဲဒီလမ်းဖောက်လုပ်တာဟာ ဒါဟာ ကိုယ်စားလှယ်တော်များ သိတဲ့အတိုင်းပဲ။ လမ်းကိုအမှန်က ဒီလိုပဲ ဖောက်ရမှာ။ အမှန်ပေါ်အောင် တစ်ကြောင်းထိုးဆိုရင် ဒီလိုပဲ ဖောက်ရမှာ။ အပေါ်ကဟာက အပေါ်ဆင့်၊ အောက်ကဟာ လမ်းမကြီး ဖြစ်ပါတယ်။ အဲဒါ အပေါ်လမ်း မဖောက်တော့ဘူး။ မဖောက်တဲ့အတွက် အဲဒီလမ်းကို မိုးတွင်းမှာ ပြိုကျလာတယ်။ ပြိုကျလာတဲ့အတွက် မိုးတွင်းမှာ သွားလာလို့ မရတော့ဘူး။ အဲဒါ အကြောင်းရင်းကတော့ ကုမ္ပဏီများနဲ့ လုပ်တဲ့ကုမ္ပဏီများက စာချုပ်စာတမ်း ရှိပါသော်လည်း စာချုပ်အတိုင်း မလုပ်ဆောင်တဲ့အတွက် အဲဒီလို ပြည်သူများ၊ လမ်းဌာနများ နာမည်ပျက်ရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဤကဲ့သို့ လမ်းလုပ်တဲ့ကုမ္ပဏီများဟာ စာချုပ်မှာ လမ်းနံရံ ပေ အမြင့် ဘယ်လောက်မှာ Bung ခံရမယ်။ Bung ဘယ်နှစ်ဆင့် ခံရမယ်ဆိုတာကို စာချုပ်မှာပါတယ်။ သို့သော်လည်းပဲ အဲဒီလမ်းပိုင်းတစ်လျှောက်လုံးမှာ ပေ အမြင့် (၂၀)အထက်၊ (၃၀)အထက် ရှိသော်လည်း Bung မခံဘဲနဲ့ သွားတာကို ကျွန်တော်တို့ တွေ့ရမှာဖြစ်ပါတယ် အခုလိုပုံမှာ။ အဲဒီတော့ Bung မခံဘဲ ဆောက်တဲ့အတွက် မိုးတွင်းမှာဆိုရင် ပြိုကျတာကို  ကျွန်တော်တို့ မကြာမကြာ တွေ့ရမှာ ဖြစ်ပါတယ်။ ကားလမ်းများဟာ တချို့နေရာများမှာ တွေ့ရသည့် ပုံမှာဖော်ပြထားတဲ့အတိုင်းပဲ တချို့နေရာများမှာ ရေပြွန်တွေရှိပါတယ်။ ရေပြွန်တွေရှိတဲ့အခါမှာ ရေပြွန်က သူတို့သတ်မှတ်ထားတဲ့၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းရှိပါတယ်။

ဥပမာ အနက်(၅)ပေ၊ အကျယ်(၅)ပေ စသည်ဖြင့်ရှိတယ်။ သူတို့ စံချိန်စံညွှန်းတွေရှိတဲ့အတွက် လုပ်တဲ့အတိုင်းမဟုတ်ဘဲနဲ့၊ သတ်မှတ်တဲ့ သံတွေ၊ သုံးရမယ့်သံဟာ အနည်းဆုံး ငါးမူးလုံးတွေ သုံးရမှာဖြစ်တယ်။ သို့သော်လည်းပဲ ငါးမူးလုံးတွေမသုံးဘဲနဲ့၊ ဖြစ်သလို သံမသုံးဘဲနဲ့ သစ်သားတွေနဲ့ လုပ်ထားတာတွေလည်း ရှိပါတယ်။ အဲဒါတွေ ရှိတဲ့အခါ လမ်းပျက်တယ်။ မိုးတွင်းမှာ လမ်းပျက်တဲ့အခါမှာ ကျွန်တော်တို့ ဒေသခံ ပြည်သူများမှာ နစ်နာပါတယ်။ အခုလို ကျောင်းမှာလည်းပဲ၊ အခုဖော်ပြထားတဲ့ ကျောင်းမှာလည်းပဲ ဒီကျောင်းရဲ့ မူလစာချုပ်မှာ ဘယ်လို ဘယ်လို အပေါ် Celling ခံရမယ်။ ဘေးနံရံမှာ ဘယ်လိုလုပ်ရမယ်။ ဒီလို ရေမြောင်းဖော်ရမယ် စသည်ဖြင့် စာချုပ်မှာ ပါရှိပါတယ်။ သို့သော်လည်းပဲ အဲဒီစာချုပ် အတိုင်း မလုပ်ဘဲနဲ့ လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာ တင်ပြတဲ့အခါမှာ ဒါဟာ ကန်ထရိုက်ရသူ လုပ်ငန်းရှင်ကတော့ သူတို့အကျိုးအမြတ် ရရှိသွားပြီးတော့ ဒေသခံပြည်သူများ နစ်နာခဲ့တဲ့ ကျောင်းတစ်ကျောင်းရဲ့ပုံကို ဖော်ပြခြင်း ဖြစ်ပါတယ်။

အဲဒီလိုပဲ ကျွန်တော်တို့ဒေသ ချင်းပြည်နယ်တစ်ခုတည်း မဟုတ်ဘဲနဲ့ တိုင်းဒေသအသီးသီးမှာလည်းပဲ ဤကဲ့သို ဖြစ်ခဲ့ရခြင်းဟာ ကျွန်တော်တို့ တွေ့ရမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းမှာလည်း ကော်မတီရဲ့ အစီရင်ခံစာများကို လွှတ်တော်မှာ ကျွန်တော်တို့ ဆွေးနွေးခဲ့တာလည်း ရှိပါတယ်။ ဒါကြောင့် တချို့ ကုမ္ပဏီများဟာ သက်ဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊ သက်ဆိုင်ရာဌာနများနဲ့ နားလည်မှု များပြီး တော့ အခုလို တွေ့ရှိရတဲ့လမ်းအတိုင်းကို ဖြစ်သွားတာကို လွှတ်တော်ကိုယ်စားလှယ်များ မြင်တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီလိုများ မဖြစ်ရလေအောင်၊ ဖြစ်ခဲ့ရင်လည်းပဲ၊ လမ်းပြိုခဲ့ရင်လည်းပဲ အဆက်မပြတ် ဆယ့်နှစ်ရာသီ ကားသွားလာနိုင်အောင် စီစဉ်ပေးထားတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ အစီအစဉ်ရှိ ပါတယ်။ ကျွန်တော်မေးမြန်းတဲ့အခါမှာ တစ်နှစ်လုံးအတွက် ဘတ်ဂျက်။ ပြိုလို့ဆိုရင်၊ အရေးပေါ် ပြိုလို့ဆိုရင်လည်း ပြင်ဖို့၊ နောက် ဘေးန္တရာယ်တစ်ခုခုကြောင့်ဆိုရင်လည်း ပြင်ဖို့ အချိန်မရွေးသွားလာ နိုင်အောင်ဆိုတဲ့ ဘတ်ဂျက်ချပေးထားတာ ရှိပါတယ်လို့ ဝန်ကြီးကရှင်းပြတာ ကျွန်တော်တို့ သိရှိရပါတယ်။

သို့သော်လည်းပဲ ကျွန်တော်တို့ ဒေသနဲ့ တခြားပြည်နယ်မှာဆိုရင်လည်းပဲ မိုးတွင်းကာလမှာ မဟုတ်ဘဲနဲ့ အောက်တိုဘာ အမှန်တော့ တောင်တန်းဒေသမှာ အောက်တိုဘာ၊ နိုဝင်ဘာလကနေ ကားသွားနိုင်တယ်။ သို့သော်လည်းပဲ အခု ကျွန်တော် ခုနက ဖော်ပြတဲ့ ဒီလမ်းပိုင်းဟာ ကျွန်တော် လွှတ်တော်မစခင် ပထမပိုင်းလောက်။ ၅ ရက်နေ့လောက်က ရိုက်ထားတဲ့ ဓာတ်ပုံ ဖြစ်တယ်။ အဲဒီအချိန်အထိကို လမ်းပိုင်းကို သက်ဆိုင်ရာဌာနက ရှင်းလင်းပေးတာ မရှိတာကို ကျွန်တော် တို့တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာဌာနရဲ့ အားနည်းချက်လား။ နားလည်မှု မှားတာလား ဆိုတာကို

အဲဒီမှာ ကျွန်တော်တို့လေ့လာဖို့ လိုပါတယ်။ ကျွန်တော်တို့ လေ့လာရသလောက်ဆိုရင် ကုမ္ပဏီ တချို့ဟာ ဌာနများနဲ့ နားလည်မှုယူပြီး သူတို့ဖောက်လုပ်တဲ့လမ်းက၊ အခုပြတဲ့လမ်းတွေဟာလည်း စံချိန်စံညွှန်း မရှိသော်လည်းပဲ လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာရေးပြီးရင် သူတို့ လုပ်ငန်းပြီးပြီ ဆိုပြီးတော့ သူတို့က လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာ သွားပြီ။

သို့သော်လည်းပဲ သက်ဆိုင်ရာဒေသခံတွေက စံချိန်စံညွှန်း မမီဘူးဆိုပြီးတော့ တိုင်ကြတဲ့၊ တောကြတဲ့အခါမှာ ဒီလမ်းပိုင်းတွေ ပြတာက သမ္မတရုံးအထိ အတိုင်အတောတွေ ရောက်သွားတယ်။ သို့သော် ပြန်လည်စိစစ်တဲ့အခါမှာလည်းပဲ ပြန်လည်ပြင်ဆင်ပေးပါ့မယ်။ ပြန်လည်ဖောက်လုပ်ပေးပါမယ် ဆိုပြီးတော့ ပြောပါတယ်၊ သက်ဆိုင်ရာဌာနက။ သို့သော်လည်းပဲ ယနေ့တိုင် ပြန်လည်ပြင်ဆင်ခြင်း မရှိတာတွေကို တွေ့ရတဲ့အတွက် ဒီကော်မတီရဲ့လုပ်ငန်းဟာ အလွန်မှန်ကန်ပါတယ်၊ အလွန်ကောင်းမွန် ပါတယ်။ ဘာကြောင့်လည်းဆိုရင် ပြည်သူ့ကိုယ်စားလှယ်များဖြစ်တဲ့ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များက လုပ်ငန်းခွင်နဲ့ အစိုးရဌာနများလုပ်ငန်းခွင် တိုက်ရိုက်ဝင်ရောက် စွက်ဖက်ခြင်း မဟုတ်ဘဲနဲ့ အခုလိုပဲ စစ်ဆေးခြင်း၊ အပြုသဘောဆောင်တဲ့ တင်ပြဆွေးနွေးခြင်းများလုပ်တာဟာ အစိုးရစီမံကိန်းများ အောင်မြင်နိုင်ရေးလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုမယ်လို့ ကျွန်တော် ယုံကြည်ဆွေးနွေး ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က ပထမအကြိမ်တုန်းက ဥက္ကဋ္ဌကြီးက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ အာဏာပိုင်များရဲ့ လုပ်ငန်းခွင်ထဲ ဝင်ရောက်စွက်ဖက်ခြင်း သိပ်မရှိ ဘဲနဲ့ ဥပဒေပြုရေး မဏ္ဍိုင်နဲ့သာ ဦးစားပေးဆောင်ရွက်ကြပါရန်လို့ ကျွန်တော်တို့ကို ဆုံးမတဲ့အတိုင်းပဲ။ ကျွန်တော်တို့က ထိန်းထိန်းသိမ်းသိမ်းနဲ့ နေခဲ့ပြီးတော့၊ စတုတ္ထနှစ် ရောက်လာတဲ့အခါကျတော့ အခုလို အခြေအနေမျိုးတွေ့တဲ့အခါမှာ ကျွန်တော်တို့ ပြည်သူ့ကိုယ်စားလှယ်များဖြစ်တဲ့ လွှတ်တော်ကိုယ်စားလှယ် များဟာ ဒေသရောက်တဲ့အခါမှာ ဒီလမ်းမကောင်းဘူး။ ဟိုလိုဖြစ်နေတယ်။ ဒီလိုဖြစ်နေတယ်။ ဘာလုပ်ကြ သလဲ။ ခင်ဗျားတို့ လွှတ်တော်မှာ ထိုင်ပြီးတော့ ခင်ဗျားတို့ မပြောဘူးလား။ မဆိုဘူးလား စသည်ဖြင့် ကျွန်တော်တို့ ပြည်သူများရဲ့ အပြောအဆို ခံရပါတယ်။ ဥပမာ အခုပြတဲ့လမ်းဟာ၊ ဒီရေပွန်ဟာ သံလမ်းနဲ့ ပေအတိုင်းအတာနဲ့ သူတို့ အချိုးကျ ပေးထားတဲ့ အချိုးရှိပါတယ်။ သို့သော် ကန်ထရိုက် ရထားတဲ့သူ၊ ဆပ်ကန်ထရိုက် ခေါ်မလား၊ လုပ်ငန်းရှင်က ဘယ်လိုလုပ်သလည်းဆို သစ်သားခံထားတယ်။ မိုးတွင်းကျ ကား တန်ချိန်များတဲ့ (၆)တန်ကားတွေ သွားတဲ့အခါကျတော့ သစ်သားပြိုကျလာတယ်။ အဲဒီ ရေပွန် ပြိုကျတဲ့အခါမှာ သွားလို့မရတာတွေလည်း ကျွန်တော်တို့ တွေ့ရပါတယ်။

အဲဒီတော့ အဲဒီလမ်းပိုင်းကလည်း တွေ့ရှိတဲ့အတိုင်းပဲ၊ လမ်းအကျယ်ဟာ ဆောက်လုပ်ရေး ဝန်ကြီးဌာနချပေးတာက (၁၈)ပေ၊ (၂၄)ပေ စသည်ဖြင့် ချပေးထားတယ်။ တကယ်တိုင်းတဲ့အခါမှာ မြေစာ မပါဘဲနဲ့ မူလလမ်းဟောင်းကနေ ပေအတိုင်း (၂၈)ပေဆိုရင် (၂၈)ပေ တိုင်းရမှာ ဖြစ်ပါတယ်။ သို့သော် တချို့အပိုင်းမှာ ပုံမှာဖော်ပြထားတဲ့အတိုင်းပဲ ပေလိုတဲ့နေရာကနေတိုင်းလည်း ပေမပြည့်တာတွေလည်း ကျွန်တော်တို့ တွေ့ရမှာ ဖြစ်ပါတယ်။ လမ်းလုပ်ငန်းဝန်ကြီးဌာနကို မေးတဲ့အခါမှာလည်းပဲ သူတို့ဌာန အနေနဲ့ ပေ အတိုင်းအတာကို အတိအကျ မဟုတ်ဘဲနဲ့ ကျင်းအနေနဲ့၊ မြေသားကျင်းအနေနဲ့ ယူပြီးတော့ မြေသားကျင်းပြည့်ရင်လည်း ကျွန်တော်တို့က ခွင့်လွှတ်တယ်လို့ ပြောပါတယ်။ သို့သော် မြေသားကျင်း ဆိုတာက၊ လမ်းလုပ်ငန်းလုပ်တဲ့လူတွေက မြေသားများတဲ့အပေါ်ကို Bung တွေအပေါ် အမြင့် Bung

ဆိုတာ အပေါ် တစ်ထပ်၊ နှစ်ထပ်၊ သုံးထပ်ကို အများကြီးတက်ပြီးတော့ မြေသားကျင်းရအောင် သူတို့က တူးတယ်။ ကျင်းပြည့်ပြီးရင် သူတို့က လမ်းအကျယ်ကို၊ မူလစာချုပ်မှာပါတဲ့ လမ်းအကျယ်ကို (၁၈)ပေ ဆိုရင် (၁၈)ပေ မပြည့်တော့ဘူး။ (၁၆)ပေ၊ (၁၇)ပေ စသည်ဖြင့်လည်း သူတို့က ကျင်းပြီးသွားပြီ ဆိုရင်လည်း ဆောက်လုပ်ရေးဌာန က လက်ခံတယ်လို့ ကျွန်တော်တို့ လေ့လာသိရှိရပါတယ်။ အဲဒီလို သိရှိရတဲ့အတွက် ပြည်သူများဟာ နစ်နာပါတယ်။ နိုင်ငံတော်ဘတ်ဂျက်များလည်း နစ်နာပါတယ်။

ဒါကြောင့်မို့လို့ ဒီလိုမျိုးဖြစ်လာတဲ့ ကိစ္စကို အခုလို ဥက္ကဋ္ဌကြီးက ဖွဲ့စည်းထားတဲ့ အမျိုးသား စီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာဆိုင်ရာကော်မတီရဲ့ လုပ်ဆောင်ချက်ဟာ အင်မတန် ကောင်းမွန်ပြီးတော့ ကျွန်တော်တို့ ဒီထက် ထဲထဲဝင်ဝင် အခု အစီရင်ခံစာထဲမှာ ပါတဲ့အတိုင်း ပြည်နယ်(၂)ခုနဲ့ တိုင်း(၃)တိုင်းသာသွားလာနိုင်တယ်။ အဲဒီအပြင်ကို ဒီထက်ပိုပြီးတော့ ထဲထဲဝင်ဝင်သွား နိုင်ရင် ပိုပြီးတော့ နိုင်ငံတော်အတွက်လည်း အကျိုးပြုမယ်၊ တိုင်းပြည်အတွက်လည်း ပိုအကျိုးရှိမယ်လို့ ကျွန်တော် မြင်လို့ ထောက်ခံဆွေးနွေးခြင်းဖြစ်ပါတယ်။

ဥပမာ ခုနက ပုံထဲမှာ လယ်ကွက်ပါပါတယ်။ လယ်ကွက်ဟာလည်းပဲ ဒီလယ်ကွက်တို့ ဒီစိုက်ပျိုးပင်တို့၊ အိမ်တို့၊ ခြံတို့ဘာတို့ဆိုရင် ဒီ သင့်တော်တဲ့ နစ်နာကြေးစသည်ဖြင့် လျော်ပေးရမယ်ဆိုတာ ဒီပြည်ထောင်စုဝန်ကြီးကလည်း ဒီမှာလာရှင်းပြီးပြီ။ သို့သော်လည်းပဲ ဖော်ပြထားတဲ့ ခုနက လယ်ကွက်ပါတာ၊ အိမ်တွေပါတာကို ဖော်ပြထားတာ၊ အဲဒါ မြို့နယ် အစီရင်ခံစာထဲမှာ တင်ပြအစီရင်ခံစာ ပြီးပြီး ဖြစ်တယ်လို့ သူတို့ ပြောပါတယ်။ သို့သော် ယနေ့တိုင်ကို ဆောင်ရွက်ပေးခြင်းမရှိသေးပါဘူး။ ဒါကတော့ ပြည်သူတွေနဲ့ ဒီအစိုးရ သက်ဆိုင်ရာအစိုးရရဲ့ အုပ်ချုပ်မှု ယန္တရားအောက်မှာ ပြည်သူတွေ ခံစားရတဲ့ အချက်ကို ကျွန်တော် သိရှိနိုင်အောင်ဖော်ပြခြင်းဖြစ်ပါတယ်။ တကယ်ဖြစ်တဲ့အကြောင်းကို ကျွန်တော် ဓာတ်ပုံနဲ့ ဖော်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ယခု ကျွန်တော်တို့ တင်ပြဆွေးနွေးတာဟာ ရှေ့ဆက် ဒီလွှတ်တော်အနေနဲ့ ပြည်သူ့ကိုယ်စားလှယ် ဖြစ်တဲ့အတွက် ရှေ့ဆက်သွားရမယ် ဆိုရင်လည်းပဲ ကျွန်တော်တို့ ကဏ္ဍက တစ်ဦးစီ တစ်ဦးစီအနေနဲ့ ဝင်ရောက် စစ်ဆေး၊ ပြောဆို၊ တင်ပြတာထက် အခုလိုပဲ ကော်မတီ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုရေးရာဆိုင်ရာ ကော်မတီဖွဲ့စည်းခြင်းဟာ အင်မတန်သင့်မြတ်ပါတယ်လို့ ကျွန်တော် မြင်ပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဖွဲ့စည်းသည့် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုရေးရာ စီမံကိန်းများ ရေးရာကော်မတီက အစိုးရ၏ စီမံကိန်းလုပ်ငန်းခွင်အသီးသီးများကို ပိုမိုထိရောက်စွာ စစ်ဆေးနိုင်ပါက နိုင်ငံတော်အစိုးရ ရည်မှန်းထားတဲ့ အမျိုးသားစီမံကိန်းများကို ပိုမိုအောင်မြင်နိုင်စွမ်း ရှိလိမ့်မယ်ဟု ယုံကြည်ပါတယ်။ အဲဒီမှာ တစ်ခု အကြံပေးချင်တာက ကော်မတီများကို အကြံပြုလိုတာက စစ်ဆေးဖို့ လုပ်ငန်းခွင်သွားမယ်၊ စစ်ဆေးဖို့မသွားခင် မူလစာချုပ်စာတမ်းများကို ကြိုတင်ရယူဖို့လို ပါတယ်။ ဥပမာ မြစ်သာမြစ်ရဲ့ ဟိုဒင်းထဲမှာ ပါပါတယ်။ မြစ်သာမြစ်ရေလျှောင်တမံ စီမံကိန်းပါတယ်။ အဲဒီထဲမှာ စစ်ဆေးတဲ့အခါမှာ ကျွန်တော်တို့ စစ်ဆေးတဲ့အခါမှာ ဒီ သူတို့ရေးထားတဲ့ Black Board ပေါ်မှာ ရေးထားတဲ့ ဥစ္စာပဲ ကျွန်တော်တို့ ဘယ်လောက်၊ ဘယ်လောက်ပြီးမယ်၊ ဘယ်ကာလဘယ်လောက် ဆိုတာကို သိရတယ်။ ဒါကြောင့်မို့ စာချုပ်မှာ ဘယ်လောက်အတိုင်းအတာ ရေကန်အကျယ်ဘယ်လောက်၊ ရေပြွန်ရေသွား အကျယ်ဘယ်လောက်၊ ဘယ်လောက်ရှိတယ်၊ အနက်ရှိတယ်ဆိုတာ စာချုပ်မသိရှိရတဲ့

အတွက် ကျွန်တော့်အတွေ့အကြုံအရ၊ လွှတ်တော်ကိုယ်စားလှယ်အတွေ့အကြုံအရ ချက်ချင်းမပြောနိုင်ပါဘူး။

ဒါကြောင့် လုပ်ငန်းခွင်စစ်ဆေးတဲ့အခါမှာ ကျွန်တော်တို့က မူလ ကုမ္ပဏီနှင့် သက်ဆိုင်ရာ အစိုးရ၏ စာချုပ်စာတမ်းများကို ကြိုတင်ရယူပြီးမှ လုပ်ငန်းခွင်သို့ သွားလို့ရှိရင် ကျွန်တော်တို့ ဒီထက်ပိုမိုကောင်းမွန်တဲ့ အစီရင်ခံစာများကို ရရှိနိုင်လိမ့်မယ်လို့ ကျွန်တော် အကြံပြုဆွေးနွေးလိုပါတယ်။ နိဂုံးချုပ်အနေဖြင့် ဤကော်မတီ၏ အစီရင်ခံစာကို လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။

မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်နဲ့ ချင်းပြည်ကို ဆက်သွယ်တဲ့ ရေဇွာလမ်းကို ဆက်သွယ်တဲ့ ပြည်ထောင်စုလမ်းမကြီး (န)



မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်နဲ့ ချင်းပြည်ကို ဆက်သွယ်တဲ့ ရေဇွာလမ်းကို ဆက်သွယ်တဲ့ ပြည်ထောင်စုလမ်းမကြီး (န-၁)



မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်နဲ့ ချင်းပြည်ကို ဆက်သွယ်တဲ့ ရေဇ္ဇာလမ်းကို ဆက်သွယ်တဲ့ ပြည်ထောင်စုလမ်းမကြီး(န-၂)



**အမျိုးသားလွှတ်တော်၊ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာကော်မတီ၏ ၂၀၁၄-၂၀၁၅ ခုနှစ် တတိယသုံးလပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးရာ ကော်မတီ၏ ၂၀၁၄-၂၀၁၅ ခုနှစ်၊ တတိယ သုံးလပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှု စီမံကိန်းများ ရေးရာကော်မတီ က အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၇။**

**ဦးတင်မောင်ဝင်း(အဖွဲ့ဝင်၊ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှုစီမံကိန်းများ ရေးရာကော်မတီ)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှု စီမံကိန်းများ ရေးရာကော်မတီက တင်သွင်းတဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်၊ တတိယ သုံးလပတ်ကုန်အထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို အမျိုးသားလွှတ်တော်က သဘောတူ လက်ခံပေးပါရန် ကျွန်တော်

မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၃) အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှု စီမံကိန်းများရေးရာကော်မတီအဖွဲ့ဝင် ဦးတင်မောင်ဝင်း က အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ။** ။ အဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူ ပါမယ်။ အမျိုးသားလွှတ်တော် အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှု စီမံကိန်းများရေးရာကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော်၊ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးမှု စီမံကိန်းများရေးရာ ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ၏ ပျော်ဘွယ်မြို့နယ်နှင့်ရမည်းသင်းမြို့နယ်များတွင် မျက်စိရောဂါနှင့် အထွေထွေရောဂါ ကုသပေးခြင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့နယ်နှင့် သံတွဲမြို့နယ် ခရီးစဉ်များတွင် ထောက်ပံ့လှူဒါန်းခြင်းများနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင် (တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း) မြို့နယ်များတွင် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကူညီဆောင်ရွက်မှုများနှင့် အထွေထွေ လှူဒါန်းခြင်း အစီရင်ခံစာ(၆/၂၀၁၅)ကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေး ကော်မတီက ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ်များတွင် မျက်စိရောဂါနှင့်အထွေထွေရောဂါကုသပေးခြင်း၊ ရခိုင်ပြည်နယ် အတွင်းရှိ စစ်တွေမြို့နယ်၊ သံတွဲမြို့နယ် ခရီးစဉ်များတွင် ထောက်ပံ့လှူဒါန်းခြင်းများနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင် (တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း) မြို့နယ်များတွင် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကူညီဆောင်ရွက်မှုများနှင့် အထွေထွေလှူဒါန်းခြင်း အစီရင်ခံစာ(၆/၂၀၁၅)ကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၈။**

**ဦးဖေသောင်း(အဖွဲ့ဝင်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်အပေါင်းအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်က ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီအဖွဲ့ဝင် ဦးဖေသောင်း ပဲ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကယ်ဆယ်

ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ (၆/၂၀၁၅)ကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ် ခရီးစဉ်အစီရင်ခံစာ

၁။ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဟာ အမျိုးသားလွှတ်တော်ဥက္ကဌ ဦးခင်အောင်မြင့် ဦးဆောင်လမ်းညွှန်မှုဖြင့် ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ်များတွင် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ(၅)ရက်နေ့မှ (၇)ရက်နေ့များတွင် မျက်စိရောဂါကုသခြင်း၊ အထွေထွေရောဂါကုသပေးခြင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများအား ထောက်ပံ့ငွေများပေးအပ်ခြင်းစတဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ နှင့် ကော်မတီဝင်(၃)ဦး၊ မျက်စိရောဂါကုသပေးရန် ဆရာဝန်ကြီး ဒေါက်တာအေးထွန်း နှင့် ဆရာဝန်/ဆရာဝန်မများ (၅၂)ဦး၊ အထွေထွေရောဂါကုသပေးရန် ဆရာမကြီး ဒေါက်တာယုဇနစောမြင့် နှင့် ဆရာဝန်/ဆရာဝန်မများ (၂၀)ဦး လိုက်ပါဆောင်ရွက်ခဲ့ကြပါတယ်။

၂။ မျက်စိရောဂါကုသမှု အဖွဲ့များနှင့် သင်တန်းဖွင့်လှစ် ပို့ချမည့် ဆရာ/ဆရာမများသည် ပျော်ဘွယ်မြို့နယ်နှင့်ရမည်းသင်းမြို့သို့ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ(၂)ရက်နေ့မှစတင်၍ ကြိုတင်ရောက်ရှိခဲ့ပြီး လုပ်ငန်းများဆောင်ရွက်ခဲ့ကြပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သည့် ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ နှင့် ကော်မတီဝင်များဟာ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ(၅)ရက်နေ့ နေ့လယ်ပိုင်းတွင် နေပြည်တော်မှ စတင်ထွက်ခွာပြီး ပျော်ဘွယ်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိအခြေပြုခဲ့ပါတယ်။ ညပိုင်းတွင် ပျော်ဘွယ်မြို့နယ်၊ ကျောက်တိုင် အားကစားကွင်း၌ မြို့မိမြို့ဖများမှ အလှူအောင်ပွဲအဖြစ် ကျင်းပပြုလုပ်သော မြန်မာပြည်ဟိန်းရာဇာဆိုင်းအဖွဲ့၏ အငြိမ့်သဘင်ဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှု အားပေးခဲ့ပါတယ်။

၃။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ(၆)ရက်နေ့တွင် ပျော်ဘွယ်မြို့နယ်၊ မြင်းဘက်ဆွမ်းလောင်းအသင်းသို့ ဒေါက်တာခင်ရွှေက အလှူငွေကျပ်(၁၀)သိန်းပေးလှူဒါန်းခဲ့ပြီး ပျော်ဘွယ်မြို့နယ် အထက်တန်းကျောင်းရှိ မျက်စိခွဲစိတ်ကုသမှုခံယူခဲ့ပြီးသော လူနာများအား မျက်မှန်တပ်ဆင်ပေးခြင်း၊ ဆေးဝါးများဝေငှပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပျော်ဘွယ်တိုက်နယ်ဆေးရုံတွင် မျက်စိခွဲစိတ်ကုသမှု ခံယူလျက်ရှိတဲ့ လူနာများအား သွားရောက်ကြည့်ရှုအားပေးခဲ့ကြပါတယ်။

၄။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဟာ နေ့လယ်(၁၃း၀၀)နာရီအချိန်တွင် အမေထိန်းခန်းမ၌ ကျင်းပပြုလုပ်တဲ့ အလှူငွေပေးအပ်တဲ့ အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် မှ ဩဝါဒစကားပြောကြားခြင်း၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ မှ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခြင်း၊ ဆုပေးခြင်းများနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မှ ဆက်လက်ပြီး လူမှုကူညီရေးအသင်း(၂၇)သင်းအတွက် (၁)သင်းလျှင် (၅)သိန်းကျပ်နှုန်းဖြင့် အလှူငွေ(၁၃၅)သိန်းအား လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးစန်းလှိုင် သို့ ပေးအပ်လှူဒါန်းခဲ့ကြပါတယ်။

အဲဒီနောက် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေမှ အခြားအသင်းများအတွက် ကျပ်သိန်း(၅၀)၊ အဝတ်အစားအစုံ(၁၀၀၀)နှင့် ဗလာစာအုပ်(၆၅၀၀) ဒါဇင်

ကိုလည်း ပေးအပ်လှူဒါန်းခဲ့ပါတယ်။ အဲဒီနောက် ဦးထွန်းညွန့်မှ ဒေသခံများကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး အခမ်းအနားအား အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါတယ်။ ညပိုင်း ပျော်ဘွယ်မြို့မှ ရမည်းသင်းမြို့သို့ ထွက်ခွာခဲ့ကြပြီး ရမည်းသင်းမြို့နယ်၊ ရတနာရွှေပြည်ဟိုတယ်မှာ ညအိပ်ရပ်နားကြပါတယ်။ ထို့နောက် ရမည်းသင်းမြို့နယ်အားကစားကွင်း၌ မြို့မိမြို့ဖများ၏ အလှူအောင်ပွဲအဖြစ် ကျင်းပပြုလုပ်တဲ့ မြန်မာပြည်ဟိန်းရာဇာဆိုင်းအဖွဲ့၏ အငြိမ့်သဘင်ဖျော်ဖြေပွဲသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ကြပါတယ်။

၅။ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ(၇)ရက် နံနက်ပိုင်းမှာ သံဃာ့ဆေးရုံတွင် မျက်စိခွဲစိတ်ကုသမှုခံယူမည့်လူနာများအား သွားရောက်ကြည့်ရှုအားပေးခဲ့ကြပါတယ်။ မျက်စိခွဲစိတ်ကုသမှုခံယူပြီးသည့်လူနာများအားတွေ့ဆုံ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ နှင့် မျက်စိကုဆရာဝန်ကြီး ဒေါက်တာအေးထွန်းတို့မှ အမှာစကား အသီးသီးပြောကြားခဲ့ကြပြီး ခွဲစိတ်ပြီး မျက်စိဝေဒနာရှင်များအား မျက်မှန်များလိုက်လံတပ်ဆင်ပေးခဲ့ကြပါတယ်။ နေ့လယ်(၁၃း၀၀)နာရီအချိန်မှာ ရမည်းသင်းမြို့နယ်၊ ရန်အောင်မြင်ဓမ္မာရုံ၌ အလှူငွေပေးအပ်ခြင်း အခမ်းအနားကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် မှ အမှာစကားပြောကြားခြင်း၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ မှ လှူဒါန်းရသည့်အကြောင်းတို့ကို ပြောကြားခဲ့ပါတယ်။ ထို့နောက် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး ကနေပြီးတော့မှ ထူးချွန်သူများအား ဆုများချီးမြှင့်ခြင်းကို လူမှုရေးအသင်း (၃၆)သင်းအတွက် သိန်း(၁၈၀)နှင့် အခြားအသင်းများအတွက် ကျပ်သိန်း(၆၀)၊ ဆင်းရဲချို့တဲ့ကျောင်း အတွက် ဗလာစာအုပ် ဒါဇင်(၆၀၀၀)၊ အထွေထွေရောဂါကုသရေးအတွက် အလှူငွေကျပ်(၁၀)သိန်း တို့အားတာဝန်ရှိသူအသီးသီးသို့ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ကိုယ်စား ပေးအပ်လှူဒါန်းခဲ့ပါတယ်။ အဲဒီနောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်မှ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနား အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါတယ်။

၆။ အထက်ဖော်ပြပါ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်ခရီးစဉ်မှာ ဆေးဝါးကုသခြင်းနှင့်ပတ်သက်၍ ပျော်ဘွယ်မြို့နယ် မျက်စိစမ်းသပ်သူ(၁၆၅၀)ဦး၊ မျက်စိခွဲစိတ်ကုသသူ(၁၆၄)ဦး၊ အထွေထွေရောဂါကုသသူ(၁၄၃၄)ဦးရှိပြီး၊ ရမည်းသင်းမြို့နယ်တွင် ဆေးဝါးကုသမှုနှင့်ပတ်သက်၍ မျက်စိစမ်းသပ်သူ(၁၆၉၈)ဦး၊ မျက်စိခွဲစိတ်ကုသသူ(၁၉၅)ဦး၊ အထွေထွေရောဂါ(ခွဲစိတ်)(၁၆၄)ဦး၊ အရိုးအကြောဝေဒနာရှင်(၅၆၉)ဦး၊ ကလေးဝေဒနာရှင်(၁၂၇)ဦး၊ သားဖွားမီးယပ်(၆၀)ဦး၊ အထွေထွေရောဂါ(၁၁၆၇)ဦး၊ သွား/ခံတွင်းကုသသူ(၇၄)ဦးတို့အား ဆေးဝါး ကုသပေးနိုင်ခဲ့ပါတယ်။

၇။ အထက်ပါ ခရီးစဉ်တစ်လျှောက်တွင် လှူဒါန်းမှုစုစုပေါင်းမှာ ကျပ်သိန်းပေါင်း(၂၄၆၆.၂၀၃)ဖြစ်ပြီး၊ အဆိုပါကုန်ကျငွေများအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေမိသားစုမှ လှူဒါန်းမှုပြုခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ရခိုင်ပြည်နယ်(ရသေ့တောင်မြို့နယ်၊ စစ်တွေမြို့၊ ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်၊ သံတွဲမြို့နယ်)ခရီးစဉ်အစီရင်ခံစာကို တင်ပြသွားမှာ ဖြစ်ပါတယ်။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရဲ့ ဦးဆောင်လမ်းညွှန်မှုဖြင့် အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ကော်မတီဝင်များဟာ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ(၃၀)ရက်နေ့တွင် ရန်ကုန် မှ စစ်တွေမြို့သို့ ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ကြပါတယ်။ စစ်တွေဟိုတယ်တွင် နေ့လယ်စာစားသုံးကြပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း နှင့်အတူ ရသေ့တောင်မြို့နယ်သို့ ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ကြပါတယ်။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အဖွဲ့သည် ရသေ့တောင်မြို့နယ် မေယုခန်းမ၌ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီမှ ဆားငန်ရေဝင်ရောက်သဖြင့် လယ်ယာမြေများ ဆုံးရှုံးပျက်စီးခဲ့သော ကျေးရွာများအတွက် လှူဒါန်းငွေကျပ်သိန်း(၂၀၀)၊ တန်ဖိုးငွေကျပ်(၃၆)သိန်းရှိ ဆိုလာမီးအိမ်(၇၂)လုံးတို့ကို အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီကိုယ်စား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင် နှင့် ဦးခင်မောင်လတ် တို့မှ ပေးအပ်လှူဒါန်းခဲ့ပြီး၊ ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ မှ လာရောက်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပါတယ်။

၁၀။ အဲဒီနောက် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှ အမှာစကားပြောကြားပြီး အလှူငွေစုစုပေါင်း သိန်း(၃၀၀)၊ အန္တွေးစောင်(၁၈၉၇၅)ထည်တို့ကို ပေးအပ်လှူဒါန်းခဲ့ပါတယ်။

၁၁။ ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့မှ မြောက်ဦးမြို့သို့ ထွက်ခွာပြီး မြောက်ဦးမြို့ အလိုတော်ပြည့်ကျောင်းတိုက်တွင် ပြည်တွင်းပြည်ပဆေးပညာရှင်များဖြင့် အခမဲ့ဆေးကုသမှုအခမ်းအနားကို တက်ရောက်ပြီး ငွေကျပ်သိန်း(၁၅၀)ကို အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီကိုယ်စား ဒေါက်တာခင်ရွှေ နှင့် ဦးကျော်ကျော်တို့က ပေးအပ်လှူဒါန်းခဲ့ကြပါတယ်။

၁၂။ ယင်းနောက် ဘုရားတန်ဆောင်းအတွင်း မြို့မိမြို့ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီကိုယ်စား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဦးက စာသင်ကျောင်းများအတွက် အလှူငွေကျပ်သိန်း(၅၀) နှင့် ကျောက်တော်မြို့နယ် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကူညီမှုအသင်းအတွက် ငွေကျပ်သိန်း (၅၀)တို့ကို ပေးအပ်လှူဒါန်းခဲ့ကြပါတယ်။

၁၃။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီအဖွဲ့ဟာ ရမ်းဗြဲမြို့နယ် မကျည်းကျွန်းသို့ သွားရောက်ပြီး (၁၁)ပါးမြောက် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တက္ကန္ဒပါလ တည်ထားကိုးကွယ်တဲ့ တိပိဋကဉာတိသင်္ဂဟစေတီတော် ထီးတော်တင်လှူပွဲသို့ တက်ရောက်လှူဒါန်းခဲ့ကြပါတယ်။ ယင်းနောက် သံတွဲခန်းမတွင် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး သံတွဲမြို့နယ် ပညာသင်ထောက်ပံ့ကူညီမှုအသင်းအတွက် ငွေကျပ်သိန်း(၁၀၀)၊ ရက္ခိတသွေးအလှူရှင်အသင်းအတွက် ငွေကျပ်သိန်း(၂၀)၊ စာသင်ကျောင်းများအတွက် ငွေကျပ်သိန်း (၅၀)နှင့် အန္တွေးစောင် (၃၆၀၀)ကို အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး

ကော်မတီကိုယ်စား ဒေါက်တာခင်ရွှေ နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လှိုင် တို့က ပေးအပ်လှူဒါန်းခဲ့ကြပါတယ်။

၁၄။ ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အဖွဲ့ဟာ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ(၂)ရက်နေ့မှာ သံတွဲမြို့နယ်မှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာခဲ့ကြပါတယ်။ အဆိုပါ ခရီးစဉ်အတွင်း လှူဒါန်းမှုအစုစုနှင့် ခရီးစဉ်အတွင်း လိုက်ပါလာသူများ၏ တည်းခိုစရိတ်၊ နေထိုင်စား သောက်စရိတ်၊ ခရီးသွားစရိတ်များကို အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက် ရေးကော်မတီအတွက် ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေမိသားစုလှူဒါန်းမှုပြုခဲ့ပြီး ကုန်ကျ စရိတ်စုစုပေါင်းမှာ ငွေကျပ်သိန်းပေါင်း(၂၄၁၇.၁၁၃) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ ကယ်ဆယ် ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီအနေဖြင့် ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြ ချက်အပေါ် အခြေခံ၍ နိုင်ငံအတွင်း ဒေသအသီးသီးသို့ ကူညီစောင့်ရှောက်ရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအစီရင်ခံအပ်ပါတယ်။

အခြားလှူဒါန်းမှုများ

၁၅။ အခြားလူမှုရေးလုပ်ငန်းများနှင့် အထွေထွေကူညီစောင့်ရှောက်ရေးအနေဖြင့် အမျိုးသား လွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ မှ ရန်ကုန် တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်ရှိ ပျဉ်းကတိုးကျေးရွာအုပ်စု၊ အိုးဘိုကျေးရွာ ရွာလုံးကျွတ် ကွန်ကရစ် လမ်းအား လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ရည်ရွယ်၍ ရွာလုံးကျွတ် ကွန်ကရစ်လမ်း ဖောက်လုပ် လှူဒါန်းခဲ့ပြီးဖြစ်ရာ ဇန်နဝါရီလ(၁၂)ရက်နေ့တွင် ယင်းလမ်းဖွင့်ပွဲ အခမ်းအနားအား ဆောင်ရွက်ခဲ့ပြီး အထွေထွေလှူဒါန်းငွေကျပ်သိန်း(၁၁၀)အား လှူဒါန်းခဲ့ပါတယ်။

၁၆။ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ မှ လှူဒါန်းထားသော ဇောတိ၊ စံပြမြိုင်၊ ဆယ်အိမ်စု၊ ဂိုဒေါင်ကုန်း-ကန်ကြီးကုန်း- သာယာဌေး၊ ရန်ကင်း-ခလုပ် ကျေးရွာချင်းဆက်မြေသားလမ်း(၇.၁)မိုင်နှင့် ကွန်ကရစ်တံတားဖွင့်လှစ် ပွဲကို မာလကာရာဘာခြံအုပ်စု၊ ဆယ်အိမ်စုကျေးရွာနှင့် ကန်ကြီးကုန်းကျေးရွာများတွင် ဖေဖော်ဝါရီလ (၁)ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီနောက် ဒေသခံမိသားစု(၁၀၀)အတွက် စောင်နှင့် အနွေးထည်များကို အိမ်ထောင်စုတစ်စုလျှင် (၄)မျိုး လှူဒါန်းခဲ့ပါတယ်။ ဒေသဖွံ့ဖြိုးရေးကွင်းဆင်း ဆောင်ရွက်သည့် လမ်းတစ်လျှောက်ရှိ ကျေးရွာသာရေးနာရေးအတွက် ငွေကျပ်(၁၀)သိန်းစီကိုလည်း ဆက်လက်လှူဒါန်းခဲ့ပါတယ်။

၁၇။ ထို့အပြင် တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်များရှိ စာသင်ကျောင်းများ တိုးချဲ့ဆောက်လုပ်ခြင်းအတွက် လိုအပ်သော ဘိလပ်မြေအိတ်များလှူဒါန်းခြင်း၊ ကျေးရွာများအတွင်းရှိ လမ်းများ သွားလာရေးလွယ်ကူစေရန်အတွက် ကွန်ကရစ်လမ်းများ ဖောက်လုပ်လှူဒါန်းခြင်း၊ ပျက်စီး နေသော ချောင်းကူးတံတားများ ပြုပြင်ရန်အတွက် စက်ယန္တရားကြီးနှင့် စက်သုံးဆီများ၊ ဘိလပ်မြေ အိတ်များ လှူဒါန်းခြင်း၊ ကျေးရွာများအတွင်းရှိ ဘုရား၊ ကျောင်းကန်၊ စေတီနဲ့ ဓမ္မာရုံပြုပြင်ခြင်းအတွက် ဘိလပ်မြေအိတ်လှူဒါန်းခြင်း၊ တွံတေး-ကွမ်းခြံကုန်းလမ်းပေါ်ရှိ တံတားများအား RC တံတားအသစ် အဖြစ် တိုးချဲ့ဆောက်လုပ်ရန်အတွက် ဘိလပ်မြေအိတ်များ လှူဒါန်းခြင်း၊ တွံတေးမြို့နယ်၊ ကံဘဲ့- ပျော်ဘွယ်လေး-ဒလလမ်းပေါ်ရှိ တံတားများအား တိုးချဲ့ပြင်ဆင်ဆောင်ရွက်ရန်အတွက် ဘိလပ်မြေ

အိတ်များ လှူဒါန်းခဲ့ခြင်းအပြင်၊ ထို့အပြင် မြို့နယ်များအတွင်းရှိ ကျောင်းသား/သူများအတွက် ဗလာစာအုပ် ဒါဇင်(၆၅၀)ကိုလည်း လှူဒါန်းခဲ့ပါတယ်။

ဆက်လက်ပြီး ပဲခူးတိုင်းအရှေ့ဘက်ခြမ်းနှင့် ကညွတ်ကွင်းမြို့နယ်အတွင်းရှိ ကျောင်းသား/သူများအတွက် ဗလာစာအုပ်ဒါဇင်(၁၁၀၀)ကိုလည်းကောင်း၊ ကရင်ပြည်နယ်အတွင်းရှိ ကျောင်းသား/သူများအတွက် ဗလာစာအုပ်ဒါဇင်(၂၀၀)ကိုလည်းကောင်း၊ တပ်ရင်းတပ်ဖွဲ့များအတွင်းရှိ ကျောင်းသား/သူများအတွက် ဗလာစာအုပ် ဒါဇင်(၇၉၀၀)ကိုလည်းကောင်း၊ ဘားအံမြို့နယ်နှင့် သာယာဝတီမြို့နယ်များအတွင်းရှိ ကျောင်းသား/သူများအတွက် ဗလာစာအုပ်ဒါဇင်(၆၄၀)တို့ကို လှူဒါန်းခဲ့ပါတယ်။

ထို့အပြင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကင်းမွန်းချောင်း သုဿာန်မီးသင်္ဂြိုလ်စက်ဖြစ်မြောက်ရေးကော်မတီအတွက် ငွေကျပ်သိန်း(၃၀)၊ ဒေါက်တာကုမာရပညာသင်ဆု ဖောင်ဒေးရှင်းအတွက် ငွေကျပ်သိန်း(၃၀၀)၊ မြင်းဘက်ရပ်ကွက်လုံးဆိုင်ရာ သံဃဒါနဆွမ်းလောင်းအသင်းကြီးအတွက် ငွေကျပ်(၁၀)သိန်း၊ မြန်မာ့ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး လူမှုအကျိုးပြုအတွက် ငွေကျပ်သိန်း(၅၀)၊ ကရင်ပြည်နယ် ရေပူကြီးကျေးရွာရှိ စာသင်ကျောင်းအတွက် ငွေကျပ်သိန်း(၅၀)၊ ဒိုက်ဦးမြို့နယ်၊ သီရိမင်္ဂလာပရိယတ္တိစာသင်တိုက်အတွက် ငွေကျပ်သိန်း(၁၀၀)၊ ကချင်ပြည်နယ်၊ လူမှုရေးအဖွဲ့အတွက် အလှူငွေကျပ်သိန်း(၂၀)၊ ရောင်နီဦးပရဟိတအသင်းအတွက် အလှူငွေကျပ်သိန်း(၂၀)၊ ကော့မှူးမြို့နယ်၊ မိခင်နှင့် ကလေးမူကြိုကျောင်းအတွက် ငွေကျပ်သိန်း(၅၀)နှင့် မြို့တည်နှစ်(၅၀)၊ ရွှေရတုသဘင် အခမ်းအနားအောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ်သိန်း(၂၀၀)၊ ကျိုက်ထိုမြို့နယ်၊ မြစိမ်းတောင်ထီးတော်တင်လှူပူဇော်ပွဲအတွက် ငွေကျပ်သိန်း(၃၃၀)၊ န္တားထိုးကြီးမြို့နယ်၊ မိုးကန်ကျေးရွာအုပ်စု၊ သာယာအေးရွာ၊ တံတိုင်းကုန်ဘုန်းကြီးကျောင်းဆောင်သစ် တည်ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း(၃၀၀)၊ ရွှေဂုံတိုင်အထူးကုဆေးရုံရှိ ကျောက်ကပ်ဌာနနှင့် ကင်ဆာဌာနအတွက် ငွေကျပ်သိန်း(၂၀၀)၊ ဟင်္သာတနယ်လှည့်ဆေးကုသရေးအဖွဲ့အတွက် ငွေကျပ်သိန်း(၅၀)နဲ့ HIV/AIDS ဝေဟာဆောက်လုပ်လှူဒါန်းခြင်း၊ တွံတေးမြို့နယ်၊ မသိုးသက်န်းနှင့် နှစ်ကျိပ်ရှစ်ဆူပွဲဆုချီးမြှင့်ရန် ငွေကျပ်(၉၆)သိန်း၊ အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၅ အတွက် ငွေကျပ်သိန်း(၂၀)၊ သဘင်ညီလာခံကျင်းပနိုင်ရေးအတွက် ငွေကျပ်သိန်း(၃၀)၊ ကွမ်းခြံကုန်းမြို့နယ်၊ ကရင်နှစ်သစ်ကူးပွဲတော်အတွက် ငွေကျပ်(၄၁)သိန်းတို့ကို လှူဒါန်းထောက်ပံ့ပေးနိုင်ခဲ့သဖြင့် အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီမှ အထွေထွေလှူဒါန်းငွေစုစုပေါင်း ကျပ်သိန်းပေါင်း(၃၉၇၃.၁၄၂)ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။

၁၈။ ထို့ကြောင့် အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ၏(၆/၂၀၁၅)လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအရ လှူဒါန်းမှုစုစုပေါင်းမှာ ကျပ်သိန်းပေါင်း(၈၈၅၆.၄၅၈)ဖြစ်ပါတယ်။

၁၉။ နိဂုံးအားဖြင့် ကော်မတီအား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ(၆)ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီးနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၏ လမ်းညွှန်ဦးဆောင်မှုများဖြင့် လွှတ်တော်ကြီး ရပ်နားသည့်အချိန်တိုင်း၊ ပါတီစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲမခွဲခြားဘဲ တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီးတို့ကိုသွားရောက်ပြီး လိုအပ်သည့်နေရာ၊ လိုအပ်သည့် ပုဂ္ဂိုလ်အသီးသီးတို့ကို လှူဒါန်းခဲ့ပြီးဖြစ်ပါတယ်။

၂၀။ ထို့ကြောင့် အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ အနေဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၏ လမ်းညွှန်မှု၊ ဦးဆောင်မှုများဖြင့် လုပ်ငန်းဆောင်ရွက်မှုများကို အမျိုးသားလွှတ်တော်သို့ တင်ပြခဲ့ရာ အစီရင်ခံစာ(၁/၂၀၁၃)အရ ကျပ်သိန်းပေါင်း(၂၆၂၉)၊ (၂/၂၀၁၃)အစီရင်ခံစာအရ ကျပ်သိန်းပေါင်း(၁၈၇၄.၅၆၅)နှင့် အမေရိကန်ဒေါ်လာ(၄၂၀၀၀)၊ အစီရင်ခံစာ(၁/၂၀၁၄)အရ ကျပ်သိန်းပေါင်း(၂၃၉၈.၄၉၀)၊ (၄/၂၀၁၄)အစီရင်ခံစာအရ ကျပ်သိန်းပေါင်း(၆၂၈၂.၂၅၉)၊ (၅/၂၀၁၄)အစီရင်ခံစာအရ ကျပ်သိန်းပေါင်း(၁၀၁၈၉.၅၀) နှင့် ယခု (၆/၂၀၁၅) အစီရင်ခံစာအရ ကျပ်သိန်းပေါင်း(၈၈၅၆.၄၅၈)တို့ကို လှူဒါန်းထောက်ပံ့ခဲ့သဖြင့် စုစုပေါင်းလှူဒါန်းထောက်ပံ့ပြီးငွေမှာ ကျပ်သိန်းပေါင်း(၃၂၂၂၆.၂၇၅)နှင့် US$ (၄၂၀၀၀) ကို ဇေကမ္ဘာကုမ္ပဏီ၏ လှူဒါန်းငွေများဖြင့် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီမှ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ လိုအပ်ချက်အချို့အား ဖြည့်ဆည်းဆောင်ရွက် လှူဒါန်းခဲ့ပြီးဖြစ်ပါကြောင်း မှတ်တမ်းတင် တင်ပြအပ်ပါတယ်။ အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီက ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ်များတွင် မျက်စိရောဂါနှင့် အထွေထွေရောဂါ ကုသပေးခြင်း၊ ရခိုင်ပြည်နယ် အတွင်းရှိ စစ်တွေမြို့နယ်နှင့် သံတွဲမြို့နယ် ခရီးစဉ်များတွင် ထောက်ပံ့လှူဒါန်းခြင်းများနှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင် (တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း) မြို့နယ်များတွင် လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ကူညီဆောင်ရွက်မှုများနှင့် အထွေထွေ လှူဒါန်းခြင်း အစီရင်ခံစာ(၆/၂၀၁၅)ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၅) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၆) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၂း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၁၂ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၁၂း၀၇ နာရီအချိန်တွင် ရပ်နားပါသည်။]